ကြေးမုံ The Mirror

၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလဆန်း ၅ ရက်၊ တနင်္လာနေ့၊ (7-7-2008) (၅၇၃၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ✻ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

ဧရာဝတီတိုင်း လပွတ္တာမြို့နယ်နှင့် ငပုတောမြို့နယ်တို့အတွင်း

ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၆

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာရာ နံနက် ၈ နာရီ မိနစ် ၂၀ တွင် ဧရာဝတီတိုင်း ပုသိမ်မြို့သို့ ရောက်ရှိသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့ ရန်ကုန်မြို့ တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ ဘဂ်လားဒေ့ရှ်ကျောင်းတိုက်၌ ကျင်းပသည့် (၁၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲတွင် ဆရာတော်ထံ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြစဉ်။

(သတင်း-၄) (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုနှင့် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေတို့လိုက်ပါလျက် ဆက်လက်ထွက်ခွာခဲ့ရာ နံနက် ၉ နာရီတွင် လပွတ္တာမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့အား လပွတ္တာမြို့နယ် လေဘေး ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲနေသော သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် တာဝန်ရှိသူများက လပွတ္တာမြို့မှ ကြိုဆိုနှုတ်ဆက်ကြသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✻

ကြေးမုံ ယနေ့ ဆောင်းပါးအညွှန်း

မိခင်သန့်၏

"လေဘေးကြောင့် အပူလုံးကြွနေရာမှ ကယ်ဆယ်ထူထောင် အောင်မြင်မှုများဖြင့် အတူပြုံးနိုင်ကြပြီ"

(ဆောင်းပါး) စာမျက်နှာ- ၆၊ ၇

လပွတ္တာမြို့နယ် လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိ

ရန်ကုန် ဇူလိုင် ၆

ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် စေတနာရှင် ဆေးဝါးစောင့်ရှောက်ရေးအဖွဲ့များသည် လေဘေးသင့်ဒေသရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ရွှေဂုံတိုင်အထူးကုဆေးခန်းနှင့် ပင်လုံအထူးကုဆေးခန်းမှ ဆေးဝါးစောင့်ရှောက်ရေးအဖွဲ့ (Medical Cover)သည် ဧရာဝတီတိုင်း လပွတ္တာမြို့နယ် လှိုင်းဘုန်းကျေးရွာ ကယ်ဆယ်ရေးစခန်းသို့ ဇွန် ၃ ရက်မှ စတင်ကာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သွားရောက်ဆောင်ရွက်ပေးလျက် ရှိကြသည်။

ဒေါက်တာဒေါ်ဌေးဌေးကြည် ခေါင်းဆောင်၍ ဆရာဝန်ကိုးဦး အပါအဝင် သူနာပြုများနှင့် အဖွဲ့ဝင် ၁၉ ဦးပါ အဖွဲ့(၁)သည် ဇွန် ၃ ရက်မှ ဇွန် ၁၀ ရက်အထိ လပွတ္တာမြို့နယ် လှိုင်းဘုန်းကျေးရွာနှင့် ဘုန်းကြီးကုန်းကျေးရွာ အခြေစိုက်၍ အနီးပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများအား တစ်နေ့လျှင် လူနာ ၂၀၀ ခန့်ကို နံနက် ၈ နာရီမှ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❁

ကူညီ ထွန်ယက်ပေး

တပ်မတော်(ရေ)မှ အရာရှိစစ်သည်များ လပွတ္တာမြို့နယ် ဇင်ပြွန်းကုန်းကျေးရွာတွင် လက်တွန်း လယ်ထွန်စက်ဖြင့် ကူညီထွန်ယက်ပေးစဉ်။

(သတင်းစဉ်)

အည်ပြုချိန် ၃း၁၅

ကြေးမုံ
The Mirror

၇-၇-၂၀၀၈
(တနင်္လာနေ့)

ကျန်းမာရေးအသိပညာပေးမှု အစဉ်ဂရုပြု သွေးတိုးရောဂါစောစီးစွာ ဖော်ထုတ်ကုသ

အသက်အရွယ်မရွေး လူတိုင်းကျန်းမာအသက်ရှည်စွာ နေထိုင်နိုင်ရန် လိုအပ်သည်။ ကျန်းမာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ထမ်းများက ပြည်သူများ ရောဂါဘယကင်းဝေးစေရေးအတွက် သတိပြုကြရမည့် ရောဂါများနှင့် စပ်လျဉ်း၍ ပညာပေးနှိုးဆော်ချက်များ၊ ဗဟုသုတများ ဖြန့်ဝေပေးလျက်ရှိသည်။

ရောဂါကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုထိရောက်သည်ဖြစ်ရာ ပြည်သူတိုင်းက ကျန်းမာရေးဆိုင်ရာ အသိပညာပေးမှုများကို အလေးထားလိုက်နာကြရမည်ဖြစ်သည်။

ပြည်သူများသတိပြုကာကွယ်ရမည့် ရောဂါတစ်ခုမှာ သွေးတိုးရောဂါဖြစ်သည်။ သွေးတိုးရောဂါကို ကမ္ဘာ့နိုင်ငံ အများအပြားတွင် တွေ့ကြုံ ခံစားနေကြရပြီး အရွယ်ရောက်သူများအနက် လူသန်းပေါင်း ၁၅၀၀ ကျော်မှာ သွေးတိုးရောဂါ ဝေဒနာရှင်များဖြစ်ကြောင်း သိရသည်။

သွေးတိုးရောဂါသည် နှလုံးရောဂါ၊ လေဖြတ်ရောဂါနှင့် ကျောက်ကပ်ရောဂါများကို ဖြစ်စေနိုင်သော အဓိကအကြောင်းရင်း ရောဂါတစ်ခုဖြစ်သည့်အပြင် ရုတ်တရက် သေဆုံးနိုင်သောကြောင့် လူတိုင်းလူတိုင်း သွေးတိုးရောဂါ မဖြစ်ပွားစေရေး ကာကွယ်ထိန်းသိမ်းကြရမည်ဖြစ်သည်။

သွေးတိုးရောဂါရှိသူသည် ခေါင်းကိုက်ခြင်း၊ မျက်စိဝေခြင်း၊ အားအင်ကုန်ခန်းခြင်း၊ မောဟိုက်ခြင်းဝေဒနာများ ခံစားရရှိနိုင်၍ အခါအားလျော်စွာ သွေးပေါင်ချိန်စစ်ဆေးခြင်း၊ သွေးတိုးရောဂါရှိပါက သွေးပေါင်မှန်မှန်ချိန်၍ စနစ်တကျ ဆေးကုသမှုခံယူခြင်းများ မပြတ်ပြုလုပ်သင့်ပေသည်။

ပြည်သူများအနေဖြင့် သွေးတိုးရောဂါမဖြစ်ပွားစေရေး ကာကွယ်ထိန်းသိမ်းနိုင်ရန် ကိုယ်အလေးချိန် ထိန်းသိမ်းလျှော့ချခြင်း၊ ဟင်းသီးဟင်းရွက် အသီးအနှံ များများစားသုံးခြင်း၊ အငန်ဓာတ်ပါသောအစားအစာများလျှော့စားခြင်း၊ အရက်အလွန်အကျွံသောက်သုံးမှုမပြုခြင်း၊ ပုံမှန်ကိုယ်လက်လှုပ်ရှားခြင်း၊ ဆေးလိပ်သောက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ စိတ်ဖိစီးမှုနည်းအောင်နေထိုင်ခြင်း စသည့်နည်းလမ်းများကို ကျင့်သုံးနေထိုင်ကြရမည်ဖြစ်သည်။

ပြည်သူများအားလုံးက သွေးတိုးရောဂါနှင့် နှီးနွှယ်ဆက်စပ်နေသော ရောဂါများမဖြစ်ပွားစေရေးအတွက် ကျန်းမာရေးဆိုင်ရာ အသိပညာပေးမှုများနှင့်အညီ ဂရုပြုလိုက်နာ စားသောက်နေထိုင်ခြင်း၊ သွေးတိုးရောဂါကို စောစီးစွာသိရှိနိုင်ရေး ဖော်ထုတ်ကုသကြခြင်းတို့ဖြင့် ပြည်သူအားလုံး အသက်ရှည် ကျန်းမာကြံ့ခိုင်နေကြမည် ဖြစ်ပါသည်။ ။

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပြည်လမ်းနေ ဒေါ်အုံးကြည် မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းတိပိဋက ဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် သုံးသိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တနန္ဒက ထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ-နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး (ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။
(ကြေးမုံ)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့်ဇနီး ဒေါ်ခင်ခင်ရီတို့အား အမှူးထား၍ လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်ရှိ သံဃာတော်များအား ဝန်ထမ်းမိသားစုများ၏ ဆဋ္ဌမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၅ ရက် မွန်းလွဲ ၁ နာရီတွင် သရက်တောကျောင်းတိုက် သုံးထပ်ကျောင်းဆောင်၌ ကျင်းပသည်။

အစီအစဉ်အရ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း၊ဇနီး ဒေါ်ခင်ခင်ရီနှင့် ဧည့်ပရိသတ်တို့က လမ်းမတော်မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ သရက်တောကျောင်းတိုက် ပိဋကတ်တိုက်ကျောင်း ဆရာတော် ဘဒ္ဒန္တနန္ဒဇေထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များကို နာယူကြသည်။ ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း၊ဇနီး ဒေါ်ခင်ခင်ရီ၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ၎င်းတို့၏ ဇနီးများ၊ အလှူရှင်များက သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်နှင့် ကျောင်းတိုက်ပေါင်း ၆၆ ကျောင်းမှ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များထံ ဝါဆိုသင်္ကန်းများဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သရက်တောကျောင်းတိုက် ပိဋကတ်တိုက်ကျောင်း ဆရာတော်က သာဓုအနုမောဒနာ တရားဟောကြားချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် ဇနီးတို့ ပြည်ထဲရေးဝန်ကြီးဌာန တတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲတွင် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်း ဆက်ကပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

သဲအင်းဂူ ခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၆

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် အမှတ်(၄)ဝိုင်း ဓမ္မရောင်ခြည် သဲအင်းဂူ ကမ္မဋ္ဌာန်းကျောင်း၌ ကျေးဇူးတော်ရှင် မူလသဲအင်းဂူ ဆရာတော်ကြီး၏ တပည့်ဖြစ်သော အရှင်ပဏ္ဍိဝံသ (မိဂလုံ)ဆရာတော်က ခန္ဓာကိုယ်တွေ့ သမထဝိပဿနာ တရားတော်များကို ဇူလိုင် ၁၆ ရက်မှ ၂၂ ရက် အထိ အဓိဋ္ဌာန် ခုနစ်ရက်တရားစခန်း ဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်းဝင်သူများအားအာဟာရဒါနကျွေးမွေးမည်ဖြစ်ရာလှူဒါန်းလိုသူများအနေဖြင့်အရုဏ်ဆွမ်းနှင့်နေ့ဆွမ်းများ လှူဒါန်းနိုင်ပြီး၊ တရားစခန်းဝင်လိုသူများကြိုတင်စာရင်း ပေးသွင်းလျက် ဇူလိုင် ၁၅ ရက် ညနေ အရောက် ကြွရောက်ကြရန် ဖိတ်ကြားထားသည်။
(က-ပ)

ပြည်ထဲရေးဝန်ကြီးဌာန ဝါဆိုသင်္ကန်း ကပ်လှူပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၆

ပြည်ထဲရေးဝန်ကြီးဌာန တတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၅ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုစည်းခန်းမ၌ ကျင်းပရာ နေပြည်တော် ပျဉ်းမနား မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက်ဆရာတော် နိုင်ငံတော် ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရထံမှ ဧည့်ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တသုတ် ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် ဇနီးတို့က မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ၊ တာဝန်ရှိသူများက ဆရာတော်များအား ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ဆရာတော်က အနုမောဒနာတရားနှင့် ရေစက်ချတရားချီးမြှင့်ပြီး ရေစက်သွန်းချ အမျှပေးဝေကြကာ ဆရာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။
(သတင်းစဉ်)

မော်လမြိုင်ကျွန်းမြို့နယ်မှ လေဘေးသင့် ကျေးရွာများသို့ ပေးပို့မည့် ရေစုပ်စက်များကို မော်တော်ယာဉ်ပေါ်မှ သယ်ချနေကြစဉ်။
(သတင်းစဉ်)

လေဘေးသင့်ဒေသများ၌ လယ်ယာကဏ္ဍစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းများ ပြန်လည်ထူထောင်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၆

ဧရာဝတီတိုင်း လေဘေးသင့်ဒေသများ၌ လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ ပြန်လည်ထူထောင်ရေးနှင့်စပ်လျဉ်း၍ ကိုရီးယားသမ္မတနိုင်ငံ Korea Rural Community and Irrigation Cooperation (KRC) နှင့် မြန်မာဒေဝူးအင်တာနေရှင်နယ် ကော်ပိုရေးရှင်းတို့၏ ရှင်းလင်းတင်ပြမှုကို ဇူလိုင် ၄ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ ဆည်မြောင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက လေဘေးသင့်ဒေသများ၌ စပါးစိုက်ပျိုးနိုင်ရန် ရေငန်တားတာများ လတ်တလော ပြုပြင်မှုအခြေအနေ၊ အခိုင်အမာဖြစ်ရန် လျာထားစီမံထားရှိမှု အခြေအနေ၊ စိုက်ပျိုးရေးအတွက်သာမက ကျေးရွာချင်းဆက်သွယ်နိုင်သည့် လမ်းများ အဖြစ်အသုံးပြုနိုင်ရန်နှင့် အချို့နေရာများတွင် မုန်တိုင်းဒဏ်ခံနိုင်သည်အထိ တည်ဆောက်မည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး ရှိပြီးတာများနှင့် ပေါင်းစပ်ဆောင်ရွက်နိုင်ရေး ရှင်းလင်းပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှဘော်က ဧရာဝတီတိုင်းတွင် ရေငန်တားတာများ တည်ရှိမှု၊ ပျက်စီးသည့်တာများအား စက်အား၊ လူအားဖြင့် ပြုပြင်မှု၊ ရေငန်တားနိုင်သည့်အတွက် ထွန်ယက်စိုက်ပျိုးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး KRC မှ ဧရာဝတီတိုင်း လေဘေးသင့်ဒေသများတွင် ထိခိုက်ပျက်စီးသည့် ပင်လယ်ရေငန်တား တာတမံများ ပြန်လည်တည်ဆောက်ရေး ဆောင်ရွက်မှု၌ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Park Key Chang က လေဘေးသင့်ဒေသများတွင် ကိုရီးယားသမ္မတနိုင်ငံမှ ပူးပေါင်းပါဝင် ကူညီမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာဒေဝူးအင်တာနေရှင်နယ်ကော်ပိုရေးရှင်းမှ ပြည်နယ်နှင့်တိုင်းများတွင် လယ်ယာကဏ္ဍ၌ ဆောင်ရွက်နိုင်မည့် ရင်းနှီးမြှုပ်နှံနိုင်မှု လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် လှိုင်သာယာမြို့နယ် (၇)ရပ်ကွက် တံတားဖြူ ဦးပုညလမ်းနေ ဦးအေးလွင်-ဒေါ်သန်းမြ၊ ဒေါ်ရင်ကြည်၊ ဒေါ်ညွန့်ခိုင်၊ မောင်ဟိန်းနိုင်စိုး မိသားစုက အလှူငွေကျပ် ၁၁၀၀၀၀ လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးမောင်မောင်အေးနှင့် ဦးထွန်းတို့ လက်ခံယူစဉ်။
(ကြေးမုံ)

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် ဇူလိုင် ၆

မုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့်ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ ထိုင်းနိုင်ငံ အခြေစိုက် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP)မှ လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်း ၉ ဒသမ ၆၅ တန်သည် ဇူလိုင် ၅ ရက်တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြောင်း သိရှိရသည်။

(သတင်းစဉ်)

မော်လမြိုင်ကျွန်းမြို့နယ်ရှိ လေဘေးသင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဇူလိုင် ၆

ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် မော်လမြိုင်ကျွန်းမြို့နယ်ရှိ လေဘေးသင့်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးဦးစီးဌာန အနာကြီးရောဂါတိုက်ဖျက်ရေးစီမံကိန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဇော်ဝင်း ဦးဆောင်၍ မွန်ပြည်နယ် ဒေသဆိုင်ရာ ပိုလီယိုအရာရှိ ဒေါက်တာရဲသူဟန်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ အဖွဲ့ခေါင်းဆောင် ဆရာဝန် (အနာကြီးရောဂါတိုက်ဖျက်ရေးစီမံကိန်း) ဒေါက်တာကျော်စွာမြင့်တို့နှင့်အတူ မော်လမြိုင်ကျွန်းမြို့နယ်မှ အခြေခံကျန်းမာရေးဝန်ထမ်းများပါဝင်သော ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းအဖွဲ့သည် မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ သွားလာရေးခက်ခဲသည့် ကျေးရွာများသို့ သွားရောက်ကာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါကျန်းမာရေးစောင့်ရှောက်မှုကွင်းဆင်းအဖွဲ့သည် ဇူလိုင် ၂ ရက်တွင် မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ သွားလာရေးခက်ခဲသော ကျုံလမုကျေးရွာနှင့် ယုဇနကျေးရွာများသို့ စက်လှေဖြင့်သွားရောက်၍ ကျေးရွာနေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနိုင်ရန် စီစဉ်ပေးခြင်း၊ ကလေးငယ်များအား ပိုလီယိုရောဂါ၊ ဆုံဆို့နာ၊ မေးခိုင်၊ ကြက်ညှာချောင်းဆိုး၊ ဝက်သက်၊ တီဘီနှင့် အသည်းရောင်အသားဝါ ဘီရောဂါ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းနှင့် ဗီတာမင်အေ ဆေးလုံးတိုက်ကျွေးခြင်း၊ သန်ချဆေးနှင့် သံဓာတ်အားဆေး တိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်စမ်းသပ်ပေးခြင်း၊ သံဓာတ်အားဆေး တိုက်ကျွေးခြင်း၊ စမ်းသပ်ကုသပေးခြင်း၊ ကူးစက်ရောဂါများဖြစ်ပွားမှု ရှိ၊ မရှိ ထောက်လှမ်းခြင်း၊ ကျေးရွာနေ ပြည်သူများအား ကျန်းမာရေးပညာပေးခြင်းများကို ကွင်းဆင်းဆောင်ရွက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မုန်တိုင်းဒဏ်ကြောင့် အိုးအိမ်ပစ္စည်းများဆုံးရှုံးသွားသော ပြည်သူများအတွက် နေအိမ်များနှင့် စီးပွားရေးလုပ်ငန်းအထောက်အကူပြုပစ္စည်းများ လှူဒါန်းနိုင်

ရန်ကုန် ဇူလိုင် ၆

မုန်တိုင်းဒဏ်ကြောင့် အိုးအိမ်ပစ္စည်းများဆုံးရှုံးသွားသော ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ၌ နိုင်ငံတော်အစိုးရနှင့်အတူ စေတနာရှင်ပြည်သူများအနေဖြင့် အဖွဲ့အစည်းအလိုက် စုပေါင်း၍ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ အောက်ပါပစ္စည်းများအတွက် ကျသင့်သောအလှူငွေများကို ရန်ကုန်မြို့ မီးသတ်ဦးစီးဌာနရုံးချုပ်ရှိ နာဂစ်မုန်တိုင်းဒဏ်သင့်ဒေသများအတွက် အလှူငွေနှင့်ပစ္စည်းများလက်ခံရေးနှင့် ကြီးကြပ်ရေးအဖွဲ့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်-

	ပစ္စည်း	သင့်ငွေ
၁။	လူနေအိမ်တစ်လုံး	၆၀၀၀၀၀/-
၂။	(၂၁)ပေရှိ ငါးဖမ်းလှေတစ်စင်း(စက်ပါ)	၄၀၀၀၀၀/-
၃။	(၂၁)ပေရှိ ငါးဖမ်းလှေတစ်စင်း(စက်မပါ)	၂၀၀၀၀၀/-
၄။	လက်တွန်းထွန်စက်တစ်စီး	
	(က) လယ်ယာ-၁၆	၁၀၉၀၀၀၀/-
	(ခ) လယ်ယာ-၂၂	၁၅၅၀၀၀၀/-
	(ဂ) ဧရာ-၁	၁၁၂၈၆၀၀/-
၅။	ဓာတ်မြေသြဇာတစ်အိတ်	၁၈၀၀၀/-

(သတင်းစဉ်)

ရေစက်သွန်းချ

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ အမှူးပြုသော ဧည့်ပရိသတ်များ ရန်ကုန်မြို့ တာမွေမြို့နယ်နတ်ချောင်းရပ်ကွက်ရှိ ဘင်္ဂလားဒေ့ရှ် ကျောင်းတိုက်၌ ကျင်းပသည့် (၁၂)ကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပွဲတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဘင်္ဂလားဒေ့ရှ်ကျောင်းတိုက်၏ ဝါဆိုသင်္ကန်းကပ်လှူပွဲ တက်ရောက်ကြည်ညို

ရန်ကုန် ဇူလိုင် ၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့သည် ယနေ့နံနက်၁၀နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ ဘင်္ဂလားဒေ့ရှ်ကျောင်းတိုက်၌ကျင်းပသည့် (၁၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲအခမ်းအနားသို့ တက်ရောက်ကြည်ညိုကြပြီး ဆရာတော်ထံ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ကလေးဝတောရ စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒွိပိဋကကောဝိဒ ဘဒ္ဒန္တဇာဂရာဘိဝံသ၊ဘင်္ဂလားဒေ့ရှ်ကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တပညာဇောတနှင့်ပင့်သံဃာတော်များကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ဇနီး ဒေါ်ကြင်မြိုင်၊ တပ်မတော်အရာရှိကြီးများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ပရိသတ်များက အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပေးကြပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ကလေးဝတောရ စာသင်တိုက်ပဓာနနာယကအဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒွိပိဋကကောဝိဒ ဘဒ္ဒန္တဇာဂရာဘိဝံသထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့က ကလေးဝတောရ စာသင်တိုက်ပဓာနနာယက ဘဒ္ဒန္တဇာဂရာဘိဝံသထံ ဝါဆိုသင်္ကန်းကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့်ဇနီး ဒေါ်ကြင်မြိုင်တို့က ဘင်္ဂလားဒေ့ရှ်ကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တ ပညာဇောတထံ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဒါယကာ ဒါယိကာမများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဘင်္ဂလားဒေ့ရှ်ကျောင်းတိုက်အတွင်းရှိ သုံးထပ်သိမ်ကျောင်းတော်၊ နှစ်ထပ်ကျောင်းဆောင်နှင့် နှစ်ထပ်သီလရှင်ကျောင်းများမုန်တိုင်းဒဏ်ကြောင့် ပျက်စီးခြင်းများကို ပြုပြင်ရန်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဒါယကာ ဒါယိကာမများ လှူဒါန်းသည့် ငွေကျပ်သိန်း၃၀ကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးစိုးအောင်က လည်းကောင်း၊ ပြည်ပမှ ဒါယကာ ဒါယိကာမများ လှူဒါန်းသည့် အမေရိကန်ဒေါ်လာ၁၀၀၀ကို အတွင်းရေးမှူး ဒေါ်စောတင်အေးက လည်းကောင်း၊မြန်မာနိုင်ငံမှ ဒါယကာ ဒါယိကာမများ စုပေါင်းလှူဒါန်းငွေကျပ်သိန်း ၂၀ကို ဘဏ္ဍာရေးမှူး ဦးကျော်နိုင်ကလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လက်ခံသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ကလေးဝတောရစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒွိပိဋကကောဝိဒ ဘဒ္ဒန္တဇာဂရာဘိဝံသထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီးနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီးတို့က ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ချမ်းမြေ့ရိပ်သာကျောင်း(ရန်ကုန်) (၃၂)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၆

ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းအမှတ်(၅၅/က)ရှိ ချမ်းမြေ့ရိပ်သာကျောင်းတိုက်၌ ဝါဆိုဝါကပ်တော်မူကြမည့်သံဃာတော်များနှင့် ပင့်သံဃာ အပါး ၁၅၀ တို့အား ၁၃၇၀ပြည့်နှစ် ဝါဆိုလဆန်း ၁၁ရက် (ဇူလိုင် ၁၃ရက်) (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ချမ်းမြေ့ရိပ်သာဝေယျာဝစ္စအဖွဲ့က ဦးဆောင်၍ (၃၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ သံဃာတစ်ပါးလျှင် သင်္ကန်းဒွိစုံတစ်စုံ၊ ထီးတစ်လက်၊ ဖိနပ်တစ်ရန်၊ ဆွမ်းနှင့်ပစ္စည်းလေးပါး ပဒေသာပင်တို့အတွက် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ပါဝင်လှူဒါန်းနိုင်ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

မုဒုံမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်း ကပ်လှူမည်

ရန်ကုန် ဇူလိုင် ၆

မုဒုံမြို့နယ်အသင်း (ရန်ကုန်)၏ ဒသမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၃ရက် (ဝါဆိုလဆန်း ၁၁ရက်) တနင်္ဂနွေနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၉) ရပ်ကွက် မြစပယ်လမ်း ပါရမီဝိဇ္ဇာတာရုံ စာသင်တိုက်၌ ပင့်သံဃာ ၁၀ပါးတို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ စုပေါင်းဆက်ကပ်လှူဒါန်းကြမည်ဖြစ်သည်။

ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြည်ညိုကြရန်နှင့် ကြိုတင်လှူဒါန်းလိုပါက ဥက္ကဋ္ဌ ဗိုလ်မှူးကြီးကြည်ထွန်း(ငြိမ်း) ဖုန်း-၅၇၀၈၈၂၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီးအေးကျော်(ငြိမ်း) ဖုန်း- ၅၈၅၃၀၂၊ ဦးသာလှ ဖုန်း-၅၃၉၄၅၃၊ အတွင်းရေးမှူး ဦးအောင်လှထူး ဖုန်း- ၅၃၇၃၆၉၊ တွဲဖက်အတွင်းရေးမှူးများ ဖြစ်ကြသော ဦးကျော်ဝင်း ဖုန်း- ၀၉-၅၁၃၄၉၀၂၊ ဦးတင်ကြိုင် ဖုန်း- ၅၇၈၄၇၄၊ ဦးအောင်ကြည် ဖုန်း- ၅၉၁၁၆၁၊ ဘဏ္ဍာရေးမှူး ဦးစိုးတင် ဖုန်း- ၅၃၈၇၂၁၊ စာရင်းစစ် ဦးသန်းလွင် ဖုန်း- ၂၉၄၃၅၉ တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်းနှင့် သင်္ကန်း၊ ထီး၊ ဖိနပ်နှင့် လှူဖွယ်ပစ္စည်းများ ဝယ်ယူလှူဒါန်းနိုင်ရန် အခမ်းအနားကျင်းပသည့်နေ့၌သင်္ကန်း ပရိက္ခရာအရောင်းဆိုင် တစ်ဆိုင်ကို ဖွင့်လှစ် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မန်နေဂျာများနှင့်စီမံခန့်ခွဲမှုဆိုင်ရာ ဟောပြောပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၆

CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှု မဂ္ဂဇင်းက စီစဉ်ကျင်းပပြီး ရန်ကုန်စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာနမှ ပါမောက္ခ ဒေါက်တာခင်စန်းရီ ဟောပြောသည့် Managers & Management ဆွေးနွေးပွဲကို ဇွန် ၂၈ရက်က Parkroyal Yangon ဟိုတယ်၌ ကျင်းပသည်။

ဟောပြောပွဲတွင် ဒေါက်တာခင်စန်းရီက Manager နှင့် Management ယှဉ်တွဲဆက်စပ်နေမှု၊ လုပ်ငန်း ပြီးမြောက်အောင်မြင်ရေး ဆောင်ရွက်ရမည့် Manager များ၏ အခြေအနေ၊ Plan နဲ့လွဲချော်နေသည့် လက်တွေ့လုပ်ငန်းခွင်ထဲမှ Manager များ၏ဘဝကို ဟောပြောဆွေးနွေးခဲ့ပြီးတက်ရောက်လာသူများ၏မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

(အောက်ပုံ)

၂၀၀၈ ခုနှစ်အတွင်း ဒုတိယအကြိမ်မြောက် ဟောပြောပွဲကို မင်းကြီးကြိုက်လုံချည်၊ Nivea နှင့် TMW Enterprise တို့က ပံ့ပိုးကူညီခြင်းဖြစ်သည်။

ယခု ဆွေးနွေးဟောပြောပွဲသို့ ကုမ္ပဏီအသီးသီးမှ မန်နေဂျာများ၊ CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှု မဂ္ဂဇင်းကိုကြိုတင်ငွေပေးသွင်းဖတ်ရှုသူများ၊ဖိတ်ကြားထားသည့် ဧည့်သည်များတက်ရောက်ကြသည်။ ဆွေးနွေးပွဲတွင် တူဒေးတိုက်ထုတ် စာအုပ်များကို ၂၀ ရာခိုင်နှုန်း လျှော့နှုန်းနှင့် ရောင်းချပေးခဲ့ပြီး အထူးအစီအစဉ်တစ်ရပ်အဖြစ် လစဉ်ထုတ်မဂ္ဂဇင်းများဖြစ်သည့် Lifestyle မဂ္ဂဇင်း၊ CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှု မဂ္ဂဇင်းနှင့် PCW Myanmar ကွန်ပျူတာမဂ္ဂဇင်းတို့ကို အထူးလျှော့နှုန်းဖြင့် တစ်နှစ်စာ ကြိုတင်ငွေသွင်း လက်ခံကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၇-၇-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေး တေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၅ ၃။ အမျိုးသားရေး တေးကဗျာ
- ၄း၂၀ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
- ၄း၃၀ ၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
- ၄း၄၅ ၆။ မျိုးချစ်တပ်မတော်
- ၄း၅၀ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၅း၂၀ ၈။ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၅း၃၀ ၉။ ဗွီစီဒီကျော်ကြား တေးများ
- ၅း၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ အမျိုးသားရေး တေးကဗျာ
- ၆း၂၅ ၁၄။ သွက်လက်လှုပ်ရှား ကစားစို့လား
- ၆း၄၅ ၁၅။ လှုပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း ဒိုးဒိုးဒေါက်ဒေါက် ဘုန်းဘောက် အပိုင်း(၁၅)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေး တေးကဗျာ
- ၂၀။ မေးမြန်းစူးစမ်း
- ၂၁။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
- ၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း အဖြူရောင် မြွေမင်းသမီးလေး အပိုင်း(၂၈)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် မကွေးတိုင်း ခရိုင်ချင်းဆက်လမ်း အမှတ်(၁)နှင့် ငဖဲ-စေတုတ္တရာ-လောင်းရှည်-သီးကုန်း-ဆောလမ်းကြောင်းဖောက်လုပ်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၄ရက် နံနက် ၉နာရီတွင် နေပြည်တော်မှ ထွက်ခွာလာရာ မွန်းတည့် ၁၂နာရီတွင် မကွေးတိုင်း နတ်မောက်မြို့နယ် ရွာမွန်ကျေးရွာသို့ရောက်ရှိပြီး မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ရှေးဦးစွာ ရှင်းလင်းဆောင်ရွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန မကွေးတိုင်း စည်ပင်သာယာရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစန်းမောင်ခင်က မကွေးတိုင်း ခရိုင်ချင်းဆက်လမ်း အမှတ်(၁)နှင့် ငဖဲ - စေတုတ္တရာ - လောင်းရှည် - သီးကုန်း - ဆောလမ်းကြောင်းတို့၏ စီမံကိန်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်ခင်ဇော်က လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ မကွေးတိုင်း ခရိုင်ချင်းဆက်လမ်း အမှတ်(၁) ဖောက်လုပ်ခြင်း စီမံကိန်းကို မြေသားလမ်း၊ ကျောက်ချောလမ်း၊ ကတ္တရာလမ်း စသည်ဖြင့် အဆင့်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး နတ်မောက်၊ မြို့သစ်၊ တောင်တွင်းကြီး၊ ဆင်ပေါင်ဝဲနှင့်အောင်လံမြို့နယ်များသို့ ဆက်သွယ်ဖောက် လုပ်ထားခြင်းဖြစ်၍ စုစုပေါင်းလမ်း အရှည်မှာ ၁၃၂ မိုင် ၆ ဖာလုံရှိပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၅၇ မိုင် ၃ ဖာလုံကို ကတ္တရာလမ်းအဖြစ် ဖောက်လုပ်ပြီးဖြစ်ကာ မကွေးတိုင်း စည်ပင်သာယာရေး ဦးစီးဌာနမှ ကတ္တရာလမ်း မိုင် ၃၀ ၃ ဖာလုံနှင့် ကျောက်ချောလမ်း ၄၅ မိုင်တို့ကို သတ်မှတ်ကာလထက် ဆောလျင်စွာ ပြီးစီးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် ကျောက်တံခါး ရေလှောင်တမံ ဆည်ရေသောက်ဧရိယာဖြစ်သော နတ်မောက်မြို့နယ် ရွှေပန်းတောကျေးရွာအုပ်စုရှိ အောင်သာကန်ရေသွင်းမြောင်းနှင့် ရေပေးမြောင်း တူးဖော်ဆောင်ရွက်ထားရှိမှုနှင့် ဆည်ရေသောက် ဧရိယာအတွင်း

မိုးစပါးစိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မကွေးတိုင်း ဥက္ကဋ္ဌက စိုက်ပျိုးရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီးဗိုလ်ချုပ်ခင်ဇော်ကပန်းတိုင်အထွက်နှုန်း ရရှိစေရန်အတွက် ကောက်ကွက်ပြည့်မီရေး၊ မြေဩဇာ စနစ်တကျ သုံးစွဲရေး၊ ဆည်ရေကို အကျိုးရှိစွာ အသုံးပြုရေးနှင့် သီးထပ်စိုက်ပျိုးရေးတို့ကို ကြိုးစားဆောင်ရွက်ရန် မှာကြားသည်။

ကျောက်တံခါး ရေလှောင်တမံမှ မကွေးတိုင်း နတ်မောက်မြို့နယ် အတွက် စီမံကိန်း အကျိုးပြုဧရိယာမှာ ဧက ၂၀၀၀ဖြစ်ပြီး ယခင်က နွေစပါးဧက ၅၀၀သာ စိုက်ပျိုးနိုင်ခဲ့ရာ ရေပေးမြောင်းများ တူးဖော်ခြင်းတို့ကြောင့် ၂၀၀၆-၂၀၀၇ခုနှစ်တွင် မိုးစပါး ၂၃၆၉ဧကနှင့် နွေစပါး ၇၆၁ ဧက စိုက်ပျိုးနိုင်ခဲ့သည်။ အောင်သာကန် ရေသွင်းမြောင်းနှင့် ရေပေးမြောင်း တူးဖော်ထားမှုကြောင့် ၂၀၀၇-၂၀၀၈ခုနှစ်တွင် မိုးစပါး ဧက ၂၅၅၀နှင့် နွေစပါး ၉၇၈ ဧက စိုက်ပျိုးနိုင်ကာ လျာထားဧကထက် ၁၈၁ ဧက ကျော်လွန်စိုက်ပျိုးနိုင်ပြီး ယခုနှစ် မိုးစပါး လျာထားဧကမှာ ၂၆၀၀ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်သည် တာဝန်ရှိသူများနှင့်အတူ နတ်မောက်မြို့နယ် ရွှေပန်းတောကျေးရွာအုပ်စုမှ တောင်သူဦးလွန်းဖေ၏ အောင်မြင်ဖြစ်ထွန်းနေသော ရွှေမြန်မာ တစ်မိုးနှစ်သီး စံပြစိုက်ခင်းကိုလည်းကောင်း၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ အောင်မြင်ဖြစ်ထွန်းနေသော ဇီဝဒီဇယ်အစားထိုး ခြိစည်းရိုးကြက်ဆူစိုက်ခင်းများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် ပခုက္ကူမြို့သို့ ရောက်ရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် မကွေးတိုင်း နတ်မောက်မြို့နယ်ရှိ မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ဇီဝဒီဇယ် အစားထိုး ခြိစည်းရိုးကြက်ဆူ စိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေအား ထိုင်းနိုင်ငံ ပြန်ကြားရေးနှင့်နည်းပညာဆက်သွယ်ရေး ဝန်ကြီးဌာနဝန်ကြီး ခေါင်းဆောင်သောအဖွဲ့တွေ့ဆုံ

ရန်ကုန် ဇူလိုင် ၆

ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေအား ထိုင်းနိုင်ငံ ပြန်ကြားရေးနှင့်နည်းပညာဆက်သွယ်ရေး ဝန်ကြီးဌာနဝန်ကြီး H.E. Dr. Mun Patanotai ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံး ညှိနှိုင်းခန်းမသို့ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးညဏ်ထွန်းအောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Barsarn Bunnag နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် မိုးလေဝသကြိုတင်သတိပေးစနစ် (Warning Systems) ဆိုင်ရာများနှင့် စပ်လျဉ်း၍ မြန်မာ-ထိုင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးအတွက် ညှိနှိုင်းဆွေးနွေးကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

လာရောက်တွေ့ဆုံ

ပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေအား ထိုင်းနိုင်ငံ ပြန်ကြားရေးနှင့် နည်းပညာဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး H.E. Dr. Mun Patanotai ခေါင်းဆောင်သော ကိုယ်စားလှယ် အဖွဲ့ဝင်များ ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်ရုံး ညှိနှိုင်းခန်းမ၌ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၇-၂၀၀၈ (တနင်္လာနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"ပဋ္ဌာန်းဒေသနာ"တရားတော် အရှင်နန္ဒောဘာသာဘိဝံသ(ကျိုက်ထိုဆရာတော်)
၇း၅၅ - ၁း၅၅	ပုံဖော်ထွင်းထုအနုန်းခွဲပန်းပု
၈း၀၀ - ၂း၀၀	တေးဂီတအစီအစဉ်
၈း၁၅ - ၂း၁၅	The Homeland Commonly Owned
၉း၀၅ - ၃း၀၅	Activities In The City (မိုးရာသီအထူးဈေးရောင်းပွဲတော် Concordia)
၉း၂၅ - ၃း၂၅	ပြည်တွင်းသတင်းအကျဉ်း
၉း၃၅ - ၃း၃၅	တေးဂီတအစီအစဉ်
၉း၄၀ - ၃း၄၀	စက်မှုစီးပွားထုတ်ကုန်အား (ကော်ဖီမှုန့်ထုတ်လုပ်မှုနည်းစနစ်များ)
၉း၅၅ - ၃း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀ - ၄း၀၀	သစ်တောများမပြုန်းတီးစေရာ စွမ်းအားမြင့် အေဝမ်းမီးဖိုထုတ်လုပ်ရာ
၁၀း၁၅ - ၄း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀ - ၄း၂၀	မိုးလေဝသခန့်မှန်းချက်
၁၀း၂၅ - ၄း၂၅	စဉ်ဆက်မပြတ်ထိန်းသိမ်းစရာ မြန်မာ့ရိုးရာဂီတပညာ
၁၀း၄၀ - ၄း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၀ - ၄း၅၀	စားချင်စဖွယ် နည်းအသွယ်သွယ်(ရွှေဖရုံသီးဆနွင်းမကင်း)
၁၁း၀၀ - ၅း၀၀	ရွှေရတုအကြိုဥက္ကလာတေးသံချို (အပိုင်း-၁)
၁၁း၄၅ - ၅း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၀ - ၅း၅၀	ငှက်မျိုးစုံစွာပျော်စရာကမ္ဘာ (အပိုင်း-၃)
၁၂း၀၅ - ၆း၀၅	တေးဂီတအစီအစဉ်
၁၂း၁၀ - ၆း၁၀	ဂုန်လျှော်စိုက်ပျိုးရေးအတွက် အချိန်ကာလအလိုက် ပြင်ဆင်ဆောင်ရွက်ရမည့်လုပ်ငန်းများ
၁၂း၂၀ - ၆း၂၀	တေးဂီတအစီအစဉ်
၁၂း၂၅ - ၆း၂၅	MRTV-4 ကျန်းမာရေးကဏ္ဍ (လေဖြတ်လူနာပြုစုခြင်းသိကောင်းစရာများ) (အပိုင်း-၂) (ဒေါက်တာသန့်ဇင်စိုးနှင့်တွေ့ဆုံခြင်း)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

တောင်ငူအသင်း(ရန်ကုန်) ပညာရည်ထူးချွန်ဆုပေးပွဲနှင့် ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၆

တောင်ငူအသင်း (အုတ်တွင်း၊ ထန်းတပင် အပါအဝင်) ၏ ဝါဆိုသင်္ကန်း ကပ်လှူပွဲ၊ ပညာရည် ထူးချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည် အစည်းအဝေးကို ဇူလိုင် ၂၇ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရွှေနေချုပ်ရုံးဓမ္မာရုံ ၂လမ်း ဗဟန်းမြို့နယ်၌ ကျင်းပမည်ဖြစ်သည်။ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဥက္ကဋ္ဌ ဦးထွန်းထွန်း(ဘုရင့်နောင် သင်္ကန်းတိုက်) ဖုန်း-၅၄၃၉၅၈၊၀၉-၅၀၀-၁၉၀၃၊ အတွင်းရေးမှူး ဦးတင်လှ ဖုန်း-၇၂၂၇၈၅၊ ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်စန်း ဖုန်း-၅၁၉၅၀၉၊၀၉-၅၁၂-၅၄၄၅ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဖျာပုံမြို့နယ်အသင်း ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၆

ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၀ရက် နံနက် ၆နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ဧရာဝတီတိုင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ကမာရွတ်မြို့နယ် သုစိတ္တာရုံပရိယတ္တိစာသင်တိုက်မှ သံဃာတော်များအား စုပေါင်း၍ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ အသင်းသား၊ အသင်းသူများ တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများသည် အသင်းဒုတိယဥက္ကဋ္ဌ ရဲသူရသန်းလှိုင် ဖုန်း-၃၇၉၂၃၁၊ ၂၅၀၂၃၆၊ ဒုတိယဥက္ကဋ္ဌ ဦးကျင်အောင် ဖုန်း-၂၂၄၄၈၂၊ အတွင်းရေးမှူး ဦးခင်ဦး ဖုန်း-၅၁၄၈၇၉ နှင့် တွဲဖက်အတွင်းရေးမှူး ဦးကျော်ဆန်းနိုင် ဖုန်း-၅၈၄၈၈၁၊ ၀၉ ၅၀ ၂၆၈၃၃ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လေဘေးကြောင့် အပူလုံးကြွနေရာမှ ကယ်ဆယ်ထူထောင်အောင်မြင်မှုများဖြင့် အတူပြုံးနိုင်ကြပြီ

မိခင်သန့်

မော်လမြိုင်ကျွန်းဘက်မှာ အဘွားဘက်က အမျိုးတွေတော်တော်များတဲ့အတွက် နာဂစ်မုန်တိုင်းသတင်းကို မိခင်သန့်တို့ ဆွေမျိုးတစ်စုက ပိုမိုနားစွင့်ခဲ့ရပါတယ်။ ၂၀၀၈ခုနှစ် မေလ ၂ ရက်နေ့ တစ်နေ့လုံး တိုက်ခတ် ခဲ့တဲ့အတွက် မြစ်ဝကျွန်းပေါ်ဒေသက ဘိုကလေး၊ လပွတ္တာ၊ ပြင်စလူ၊ မော်လမြိုင်ကျွန်း၊ ဟိုင်းကြီးကျွန်း၊ ဖျာပုံဘက်မှာ အသေအပျောက် အပျက်အစီးအများဆုံးဖြစ်ခဲ့ပါတယ်။ သက်ဆိုင်ရာက စာရင်းကောက်ယူ ထုတ်ပြန်ချက်အရ နာဂစ်မုန်တိုင်းကြောင့် သေဆုံးသူ ရှစ်သောင်းကျော်၊ ပျောက်ဆုံးနေဆဲငါးသောင်းကျော်၊ ဒဏ်ရာရသူ တစ်သောင်းကျော်ရှိတာ သိရလို့ မြန်မာနိုင်ငံသမိုင်းမှာ မုန်တိုင်းကြောင့် သေဆုံးသူ အများဆုံးလို့ အများကပြောပါတယ်။ အဘွားတစ်သက် ဒီလောက် ကြီးမားပြင်းထန်တဲ့ မုန်တိုင်းမျိုးမကြုံဖူး မကြားဖူးပါဘူးတဲ့။

မေလ ၂ ရက်နေ့ည ၁၁ နာရီဝန်းကျင်လောက်မှာ ရန်ကုန်ကို နာဂစ်တိုက်ခတ်ခဲ့ပါတယ်။ မိခင်သန့်တို့ အိမ်မိုး သွပ်ပြားတွေ လန်ထွက်၊ အိမ်ထောင့်က ကုက္ကိုပင်ကြီးနဲ့ ပိတောက်ပင်ကြီးတွေပြိုလဲတာ သိရတော့ ဘုရားတနေခဲ့ကြရတယ်။ လန်ရုံမက ပြုတ်ထွက်ပြီး လေနဲ့အတူ လွင့်ပါသွားတဲ့ သွပ်ပြားတွေကြောင့် အိမ်ခေါင်မိုးကနေ မိုးရေဒလဟော စီးဝင်လို့ ပစ္စည်းတွေ ရွှေ့ရ၊ ခွက်တွေ၊ အိုးတွေနဲ့ မိုးရေခံကြရ၊ တစ်အိမ်လုံးအလုပ်ရှုပ်ကြရတယ်။ မုန်တိုင်းကလည်း နံနက်လင်းပြီးမှ ပိုပြင်းထန်လာတယ်။ လမ်းထဲက သစ်ပင်တွေ၊ ဘေးခြံဝင်းတွေထဲက သစ်ပင်တွေ တဝုန်းဝုန်းလဲကျတာလည်း ကြားနေရပါတယ်။

ရန်ကုန်မှာ ည ၁၁ နာရီနောက်ပိုင်း မုန်တိုင်းဝင်ပြီး သစ်ပင်တွေလဲကျလို့သာပေ့၊ နေ့ခင်း၊ ညနေဘက်၊ ညဦးဘက်အချိန် သစ်ပင်တွေ လဲကျမယ်ဆိုရင် လမ်းသွားလမ်းလာအများအပြား သစ်ပင်ပိနိုင်ပါတယ်။ အခုတော့ လူတွေ ကိုယ့်အိမ်ကိုယ်ပြန်ရောက်နေကြလို့ သက်သာသွားတာပါ။ ရန်ကုန်လမ်းမကြီးတွေ၊ ကြားလမ်းတွေပေါ်၊ လူသွားစင်္ကြံတွေပေါ်၊ ဝင်းခြံတွေထဲမှာ လက်နှစ်ဖက်စာ၊ သုံးဖက်စာအပင်ကြီးတွေ၊ ဓာတ်တိုင်တွေ၊ ကြေးနန်းကြိုးတိုင်တွေ လဲကျတာ အတုံးအရုံးပါပဲ။ မြစ်ဝကျွန်းပေါ်ဘက်မှာ တချို့ရွာတွေ ရွာလုံးပျောက် ဒီရေလှိုင်းနဲ့ ပါသွားတယ်။ ဒီလှိုင်းကလည်း ၁၀ ပေ၊ ၁၂ ပေလောက်အထိ မြင့်တက်လာတယ်လို့ဆိုပါတယ်။

မိခင်သန့်တို့အိမ်တွေမှာ သွပ်မိုးတွေလန်ပြီး ပြုတ်ထွက်လွင့်ပါသွားပေမယ့် ကိုယ့်ထက်ဆိုးတဲ့ ဒေသတွေက သတင်းတွေကြားရတော့ ကိုယ့်ထက်မုန်တိုင်းဒဏ် အလူးအလဲခံနေကြရတဲ့ ဒေသတွေ၊ အဘွားရဲ့ အမျိုးတွေရှိရာ မော်လမြိုင်ကျွန်းလိုဒေသတွေအတွက် ကယ်ဆယ်ရေးလုပ်ငန်း ပိုမိုလုပ်ပေးစေနိုင်အောင် မိခင်သန့်တို့ကတော့ ကိုယ့်အိမ်ကိုယ်ပြန်မိုးလိုက်ကြပါတယ်။ ရန်ကုန်တိုင်း ကော့မှူး၊ ကွမ်းခြံကုန်း၊ ကျောက်တန်းဘက်မှာ အပျက်အစီးများပါတယ်။

မုန်တိုင်းက မေလ ၃ ရက် နေ့လယ်ဘက်မှာမှ ရန်ကုန်က ထွက်ပါတယ်။ အဲဒီနေ့မနက် ၈ နာရီခွဲအချိန် နေပြည်တော်မှာ အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီကို နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဦးဆောင်ပြီး စည်းဝေးနေတဲ့ သတင်း၊ မုန်တိုင်းစဲစ မေလ ၃ ရက်နေ့ခင်းပိုင်းမှာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီက ရန်ကုန်ကို ဆင်းလာ၊ ရန်ကုန်ကနေ တစ်ဆက်တည်း မုန်တိုင်းဒဏ်သင့်ဒေသကို ကွင်းဆင်းပြီး ကယ်ဆယ်ရေးလုပ်ငန်းတွေ စတင်လုပ်ကိုင်တဲ့ သတင်းတွေ ဆက်တိုက်ကြားရပါတယ်။ အဘွားက အခုလို သဘာဝဘေး အန္တရာယ်ကျရောက်မှုကို အစောဆုံးကွင်းဆင်း ကယ်ဆယ်မှုမျိုး၊ ဒီလောက် မြန်ဆန်တဲ့ ကယ်ဆယ်ရေးလုပ်ငန်းမျိုး မမြင်ဖူး၊ မကြားဖူးခဲ့ဘူးလို့ ပြောပြပါတယ်။

ရန်ကုန်က လမ်းတွေ၊ ဝင်းခြံကြီးတွေထဲမှာ တုံးလုံးပက်လက်လဲကျနေတဲ့ သစ်ပင်ကြီးတွေဟာ လူလည်းသွားမရ၊ ယာဉ်တွေမောင်းဖို့ဆိုလည်း ဘယ်လိုမှ မဖြစ်နိုင်အောင် တန်းစီပြီး ကန့်လန့်ခံပိတ်ဆို့ထားတာပါ။ မေလ ၄ ရက်နေ့ကစပြီး စစ်သည် ထောင်ပေါင်းများစွာနဲ့ ရဲတပ်ဖွဲ့ဝင်တွေ၊ ကြက်ခြေနီ၊ မီးသတ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနဲ့ ရပ်ကွက်စေတနာရှင်တွေ ဝိုင်းဝန်းခုတ်ထွင် ဖြတ်လှီးပြီး ကဏန်းလက်မ ကရိန်းနဲ့ ကားပေါ်တင် သယ်ထုတ်သွားလိုက်ကြတာ နေ့ချင်း၊ ညချင်း လမ်းတိုင်းရှင်းသွားတယ်၊ ကားတွေ ပုံမှန်ပြန်လည်မောင်းနှင်သွားလာနိုင်ကြ တယ်။ အံ့ဖွယ်လုပ်အားပါပဲ။

မုန်တိုင်းဒဏ်ခံ မြန်မာသွေးချင်းတွေအတွက် နိုင်ငံတော်ကလည်း ငွေကြေးကျပ်ငွေ သန်းပေါင်းထောင်သောင်းချီပြီး မတည်စိုက်ထုတ်ကာ ကယ်ဆယ်ရေးလုပ်ငန်းများစတင်ခဲ့တယ်။အရေးကြီးရင်စည်းလုံးတတ်တဲ့၊ အမျိုးသားရေးမှာ နိုးကြားသွေးနီးတတ်တဲ့ တစ်နိုင်ငံလုံးက ပြည်သူ စေတနာရှင်တွေ၊ တပ်မတော်သားမိသားစုတွေ၊ လူမှုရေး၊ စီးပွားရေး အဖွဲ့အစည်းတွေကလည်း ကယ်ဆယ်ရေးပစ္စည်း၊ ငွေကြေး၊ ပြန်လည် တည်ဆောက်ဖို့ သွပ်၊ သံ၊ ထွန်စက်၊ ကျွဲ၊ နွားတွေ ရာထောင်ချီပြီး လှူကြတယ်။ ပြည်ပစေတနာရှင်များကလည်း လေယာဉ်များနဲ့ ကူသယ်ခေါက် သယ်ပစ္စည်းမျိုးစုံ လာရောက်ပို့ဆောင်ကူညီလှူဒါန်းကြတယ်။

နာဂစ်မုန်တိုင်းဒဏ်မရှုမလှခံကြရတဲ့အတွက် မိသားစုဝင်အချို့ဆုံးရှုံးသွားကြရတဲ့အတွက် ယူကျုံးမရ၊ အပူလုံးကြွနေကြတဲ့ မုန်တိုင်းသင့် ဒုက္ခသည်တွေဟာ ဒီကနေ့ ကယ်ဆယ်ရေး၊ ကူညီစောင့်ရှောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်ရေး၊ အိုးအိမ်ပြန်လည်တည်ဆောက်ရေး၊ မူလအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်လုပ်ကိုင်ရေးနဲ့ရေရှည်အတွက်သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေးလုပ်ငန်းစဉ်များအတွက် နိုင်ငံတော်မှ တာဝန်ရှိသူများရဲ့ ကြီးကြပ်မှုအောက်မှာ ပြည်ထောင်စုတစ်ဝန်းက လာရောက်ကူညီဆောင်ရွက်ပေးကြတဲ့ အမျိုးသားရေး စိတ်ဓာတ် ပြည့်လျှမ်းသူတွေကြောင့် ကယ်ဆယ်ရေး၊ ပြန်လည် တည်ဆောက်ရေး၊ ပြန်လည် ထူထောင်ရေး အောင်မြင်မှုတွေနဲ့အတူ ပြုံးနိုင်ကြပြီဖြစ်ပါတယ်။

နိုင်ငံတော်က မိဘမဲ့ကလေးတွေကို စုစည်းစောင့်ရှောက်ပေးတယ်။ နောင်သဘာဝဘေးကြောင့် ပင်လယ်ရေတွေ မြင့်တက် လွှမ်းမိုးဖျက်ဆီးခြင်းမပြုနိုင်အောင် လူလုပ်ကုန်းမြင့်၊ ကုန်းချောတွေ၊ ရေငန်တားတမံတွေ ပေ၂၀၊ ၃၀အထိ မြှင့်တင်ကာကွယ်နေတာ၊ ဒေသတစ်ခုနဲ့ တစ်ခုအကြား ခိုင်မာတဲ့ လမ်းသစ်တွေ အဆင့်မြှင့်ဖောက်ပေးနေတာ၊ ဘုန်းတော်ကြီး ကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ အမြန်ပြုပြင်တည်ဆောက်ပေးတာ၊ လေဘေးကယ်ဆယ်ရေးစခန်းကနေ မိမိတို့မူလနေထိုင်ရာဒေသများသို့ ပြန်လည်အခြေချလုပ်ကိုင်လိုသူတွေ အတွက် အဆင့်မြင့်အိမ်တွေ ဆောက်နိုင်အောင်၊ ထွန်စက်နဲ့ထွန်ယက်နိုင်အောင်၊ ရေလုပ်သားတွေ အကောင်းစားပိုက်တွေနဲ့ ငါးဖမ်းနိုင်အောင် ထွန်စက်၊ ကျွဲ၊ နွား၊ မျိုးစပါး၊ ထွန်ယက်ဖို့ ဒီဇယ်ဆီ၊ ပိုက်ကွန်၊ ငါးဖမ်းလှေအစ၊ စားရေရိက္ခာအဆုံး ဖြည့်ဆည်းပေးနေတာကြောင့် သူတို့တတွေအပူလုံးကြွရာမှ အတူပြုံးနိုင်ခဲ့ကြတာဖြစ်ပါတယ်။

တခြားနိုင်ငံတွေမှာ သဘာဝဘေးအန္တရာယ်ကြုံတွေ့ကြပြီး စားရေရိက္ခာ၊ သောက်သုံးရေသန့်မရကြလို့ ဝမ်းရောဂါလို ကူးစက်ရောဂါတွေဖြစ်ကြရတယ်။ မြန်မာနိုင်ငံမှာတော့ ဘာကူးစက်ရောဂါ၊ ဘာဝမ်းရောဂါမှ မကြားခဲ့ရပါဘူး၊ ဒါကလည်း နာဂစ်မုန်တိုင်းစဲသွားချိန်ကစပြီး ရေသန့်ဘူးတွေ၊ ရေသန့်စက်တွေ၊ ရေသန့်အောင်ခပ်တဲ့ ကလိုရင်းဆေးတွေ အလျှံပယ် ပေးပို့ကြတာ ပြည်တွင်းကရော၊ ပြည်ပကစေတနာရှင်တွေရဲ့ ကုသိုလ်ကောင်းမှုတွေကြောင့်ဖြစ်ပါတယ်။ ရေအကျိုးဆယ်ပါး မတောင်းဘဲပြည့်ကြပါစေ။

အလားတူ ကျန်းမာရေးစောင့်ရှောက်ကုသပေးဖို့ ကျန်းမာရေးဝန်ကြီးဌာနက ဆေးကုသရေးအဖွဲ့တွေ၊ ပြည်ပနိုင်ငံများစွာမှ ဆေးကုသရေးအဖွဲ့တွေလည်း လေဘေးသင့်ဒေသစုံသွားရောက် စောင့်ရှောက်ကုသပေးနေတာ တွေ့ရပါတယ်။ မြို့ရွာအိုးအိမ်သစ် ပြုပြင်ရေး၊ အသစ်တည်ဆောက်ရေးအတွက် မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များကလည်း အားတက်သရော တည်ဆောက်နေကြပြီဖြစ်ပါတယ်။ လှူကြတန်းကြတဲ့ ရွက်ဖျင်တဲကလေးများဟာလည်း အတန်းလိုက်ဆောက်လုပ်ထားကြပြီး လေဘေးဒုက္ခသည်တွေ လုံလုံခြုံခြုံနေထိုင်ကြတာတွေ့နိုင်ပါတယ်။

လေဘေးကြောင့် စိတ်လက်မရွှင်မပျဖြစ်နေကြတဲ့ သွေးရင်းသားရင်းလေဘေးဒုက္ခသည်များရှိရာ ပစ္စည်းလည်းလှူ၊ ငွေလည်း လှူရင်း၊ ပြည်သူစိတ်ဝမ်း ရွှင်လန်းအားတက်ကြစေဖို့ ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာပေအနုပညာရှင်တွေ သွားရောက်အားပေးကြတဲ့အတွက်လည်း လေဘေးသင့်ဒေသများမှာ ကြည်ဖြူရွှင်လန်းအပြုံးပန်းကိုယ်စီ တွေ့နေရပါတယ်။ တပ်မတော်သားတွေ၊ ရဲတပ်ဖွဲ့ဝင်တွေ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်တွေ၊ ပြည်ထောင်စုတစ်ဝန်းက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်တွေ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်တွေ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်တွေ၊ အခြားလုပ်အား အလှူပေးသူတွေနဲ့ လေဘေးသင့်ဒေသရဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ နေ့ချင်းညချင်းတိုးတက်လာနေတာ တွေ့ရပါတယ်။

မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေဟာ အရေးကြီးလျှင် စည်းလုံးမြဲ၊ အရေးကြီးရင် သွေးနီးမြဲဖြစ်ပါတယ်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလတစ်လျှောက် လွတ်လပ်ရေးကာကွယ်စောင့်ရှောက်မှု ဖြစ်စဉ်တိုင်းမှာ မြန်မာတိုင်းရင်းသားစုံပြည်သူတို့ရဲ့ အမျိုးသားရေးစိတ်ဓာတ်၊ ဝံသာနုရက္ခိတ စိတ်ဓာတ်များရဲ့ ခွန်အားကို ထုတ်သုံးခဲ့ကြတာပါပဲ။ အခုနာဂစ် မုန်တိုင်းဒဏ်ခံပြည်သူများကို ကယ်ဆယ်ကူညီ၊ ပြန်လည်တည်ထောင် ပေးရေး ဖြစ်စဉ်တစ်ခုလုံးမှာလည်း တစ်နိုင်ငံလုံးက ပြည်သူတွေရဲ့ အမျိုးသားရေး စိတ်ဓာတ် အင်အားကို ထုတ်ဖော်ပြသကြတာအားလုံး သိကြမှာပါရှင်။

မြန်မာတို့ရဲ့အမျိုးသားရေးစိတ်ဓာတ်၊အမျိုးသားရေး အားမာန်ကို မေလ ၁၀ ရက်နေ့နဲ့ မေလ ၂၄ ရက်နေ့များမှာ ကျင်းပတဲ့ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကြီးမှာတွေ့ကြရပြန်ပါတယ်။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်း (၂၀၀၈)ကို တိုင်းရင်းသားပြည်သူ မဲဆန္ဒရှင်အားလုံးရဲ့ ၉၂ဒသမ ၄၈ ရာခိုင်နှုန်းက ထောက်ခံမဲပေး အတည်ပြုလိုက်တာဟာ မြန်မာ့သမိုင်းမှာ ရွှေစာလုံးနဲ့ ကမ္ပည်းတင်ရမယ့် အမျိုးသားရေး အောင်မြင်မှုပါပဲရှင်။

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု၊ မြန်မာ့ပြည်တွင်းငြိမ်းချမ်းရေး ကြိုးပမ်းမှု၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းမှု၊ စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ကြိုးပမ်းမှုတိုင်းမှာ ပြည်တွင်းပြည်ပအဖျက်သမားများက နည်းမျိုးစုံသုံးပြီး ဟန့်တားနှောင့်ယှက်ခဲ့ကြတယ်။ မြန်မာတို့က အမျိုးသားရေးအသိအမြင်၊ မျိုးချစ်စိတ်ဓာတ် (ပြည်ထောင်စုစိတ်ဓာတ်)နဲ့ အဖျက်မှန်သမျှ ကျော်လွှားပြီး အောင်မြင်မှုများ ရယူခဲ့ကြတယ်။

ဒီကနေ့ နိုင်ငံတော်မှာ ပြည်တွင်းငြိမ်းချမ်းရေး၊ တိုင်းရင်းသားစည်းလုံးမှုကို ပြန်လည်တည်ဆောက်ခဲ့ပြီး နိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုးစေခဲ့ပြီ။ အခြေခံဥပဒေသစ်ပေါ်ထွန်းရေးအတွက် အမျိုးသားညီလာခံကြီးကို အောင်မြင်စွာကျင်းပ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို အောင်မြင်စွာရေးဆွဲ၊ အခြေခံဥပဒေသစ်ကို ပြည်သူတို့ရဲ့ ကြီးမားတဲ့ ထောက်ခံမှုနဲ့အတည်ပြု၊အဖျက်စွမ်းအားပြင်းလွန်းလှတဲ့ နာဂစ်မုန်တိုင်းဒဏ်ခံဒေသများကို ပြန်လည်ထူထောင်စတဲ့လုပ်ငန်းတွေအားလုံးဟာ ပြည်တွင်း၊ ပြည်ပအဖျက်သမားများရဲ့ ယုတ်မာကောက်ကျစ်၊ နှောင့်ယှက်ဖျက်ဆီးမှုများကြားမှ ကျော်လွှားအောင်မြင်ခဲ့တာချည်းဖြစ်ပါတယ်ရှင်။

နာဂစ်မုန်တိုင်းဟာ မေလ ၃ရက်နေ့ နေ့ခင်းပိုင်းမှာမှ ရန်ကုန်ကနေ ထွက်ခွာသွားပါတယ်။ အဲဒီမေလ ၃ရက်နေ့ မွန်းလွဲပိုင်းမှာ ပြည်တွင်း၊ ပြည်ပ အဖျက်သမားများက “ဒီကနေ့ညနေ ၅ နာရီခွဲမှာ နောက်ထပ်မုန်တိုင်းကြီး ထပ်တိုက်လိမ့်မယ်” လို့ ကောလာဟလနဲ့ မှုသားမှိုင်းတိုက်ပြီး ပြည်သူတွေ ချောက်ချားအောင် ပွဲလှန့်ခဲ့ကြတယ်။ ဒါဟာ အဖျက်သမားတို့က မုန်တိုင်းဒဏ်ခံပြည်သူတွေကို အစောဆုံး ပေးတဲ့ နှောင့်ယှက်မှုပါ။

အဲဒီကောလာဟလနဲ့ မအောင်မြင်တော့ နောက်တစ်နေ့ မေလ ၄ရက်နေ့ ညမှာ ငလျင်ကြီးတစ်ခု လှုပ်လိမ့်မယ်ဆိုပြီး ပွဲလှန့်ပြန်တယ်။ အဲဒီလို ပွဲလှန့်တာဟာ ဘာအတွက်လဲ။ ပြည်ပစွက်ဖက်မှု၊ ပြည်သူတို့ စိတ်ဓာတ် ပျက်ပြား ချောက်ချားမှုတို့ကို အခွင့်ကောင်းယူပြီး နိုင်ငံတော်အာဏာ အချောင်တက်ယူချင်တဲ့ နိုင်ငံရေးအာဏာရူးဂိုဏ်းသားတို့ရဲ့ ဗျူဟာတစ်ရပ်ဆိုတာ တွေ့ရပါတယ်။ **စာမျက်နှာ ၇ ကော်လံ ၁** ✺

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု၊ မြန်မာ့ပြည်တွင်းငြိမ်းချမ်းရေး ကြိုးပမ်းမှု၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းမှု၊ စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီ နိုင်ငံတော်ကြီး တည်ဆောက်ကြိုးပမ်းမှုတိုင်းမှာ ပြည်တွင်း၊ ပြည်ပ အဖျက်သမားများက နည်းမျိုးစုံသုံးပြီး ဟန့်တားနှောင့်ယှက်ခဲ့ကြတယ်။ မြန်မာတို့က အမျိုးသားရေးအသိအမြင်၊ မျိုးချစ်စိတ်ဓာတ် (ပြည်ထောင်စုစိတ်ဓာတ်)နဲ့ အဖျက်မှန်သမျှ ကျော်လွှားပြီး အောင်မြင်မှုများ ရယူခဲ့ကြတယ်။

✳ စာမျက်နှာ ၆ ဆောင်းပါးမှ အဆက်

မုန်တိုင်းတစ်ခုဟာ လွယ်လွယ်နဲ့မဖြစ်ပါဘူး။ လျှော့ပြီး လုပ်မယ်ဆိုတာကိုလည်း ဒီကနေ့ဘယ်နိုင်ငံက ဘယ်ပညာရှင်မှ ကြိုတင်မသိပါဘူး။ မြန်မာတွေကိုအထင်သေးပြီး အမဲလာဖမ်းတဲ့သဘောပါ။ ပြည်သူတွေရဲ့ အသိဉာဏ်ကို အထင်သေးစော်ကားတဲ့ လုပ်ရပ်ပါ။

ဆန္ဒခံယူပွဲကာလတစ်လျှောက် နိုင်ငံခြားအသံလွှင့် မီဒီယာတွေဖြစ်တဲ့ BBC,VOA,RFA,DVB စတာတွေမှာ မြန်မာအမျိုးသားသစ္စာဖောက်ပြည်ပြေးများက ဆန္ဒခံယူပွဲမအောင်မြင်အောင် နေ့/ည ပြောဆိုပုတ်ခတ်နေခဲ့ကြတာပါပဲ။လေဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ် တစ်ခုလုံးကိုလည်း နေ့/ည လွှင့်ထုတ်ပုတ်ခတ်ကြတာပါပဲ။ အဲဒီမီဒီယာ (အသံလွှင့်ဌာန)တွေက သူတို့ရဲ့ မှသားလွှင့်ထုတ်ချက်ကို ယုံကြည်အောင် "မျက်မြင်သက်သေတစ်ဦး"၊ "ပန်းတနော်မြို့နယ်က လေဘေးသင့်ပြည်သူတစ်ဦး"၊ "လပွတ္တာမှ လေဘေးဒဏ်ခံ အမျိုးသမီး တစ်ဦး"၊ "ဘယ်ရွာက တောင်သူဦးကြီး တစ်ဦး"၊ "ဘယ်ဌာနက ဝန်ထမ်း တစ်ဦး" စတဲ့ အမည်လိပ်စာမဖော်နိုင်သူတွေရဲ့ အသံနဲ့သူတို့ပြောစေချင်တာတွေ ပြောပေးပြီး နေ့တွက်ဒေါ်လာယူနေရတဲ့ ပြည်ပြေးတွေကလည်းပေါ်ပါတယ်။ သေသေချာချာနားထောင်ကြည့်ရင်ပန်းတနော်က လေဘေးသင့်ပြည်သူ၊ လပွတ္တာကလေဘေးသင့်ပြည်သူ၊ ရန်ကုန်က အိမ်ရှင်မတစ်ဦး၊ ပဲခူးကဈေးသည်တစ်ဦး ဆိုတာတို့ရဲ့ အသံတွေဟာ ထပ်တူထပ်မျှ တူနေတာတွေ့ရမှာပါ။ တစ်ယောက်တည်းက အသံဆယ်ကိုယ်ခွဲထားမှန်း မြန်မာတွေ သိနေကြပါပြီ။

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီမြို့တော်၊ အမေရိကန် ပြန်ကြားရေးဌာနပိုင် VOA (ခေါ်) အမေရိကန်အသံလွှင့်ဌာနက ၂၃-၆-၂၀၀၈ရက်ညမှာ မြန်မာနိုင်ငံဧရာဝတီတိုင်း လပွတ္တာမြို့နယ် ပြင်စလူမြို့ကိုင်းသောင်ကျေးရွာနဲ့ပတ်သက်တဲ့သတင်းတစ်ပုဒ် လွှင့်ထုတ်သွားခဲ့ပါတယ်။ မိခင်သန့်အဖို့ မယုံကြည်နိုင်လောက်အောင် အံ့သြရပါတယ်။ အောချရပါတယ်ဆိုရင်ပိုမှန်ပါလိမ့်မယ်။ **VOA ရဲ့ အဲဒီသတင်းမှာ "ဇွန်လ ၁၉ရက်နေ့က ကိုင်းသောင်ကျေးရွာကို သဲတွေ မြေကြီးတွေသယ်လာတဲ့ လေဆင်နှာမောင်းကြီး ဝင်တိုက်သွားလိုက်တာ တစ်ရွာလုံးအသက်ရှင်သူမရှိ၊ အိမ်များအားလုံးမြေကြီးတွေဖုံးလွှမ်း ပျက်စီးခဲ့တယ်" လို့ဖော်ပြထားပါတယ်။ အဲဒီနေ့ကရော အဲဒီနေ့မတိုင်မီ နဲ့ အဲဒီနေ့နောက်ပိုင်းမှာရော ဧရာဝတီတိုင်းမှာ ဘယ်လေဆင်နှာမောင်းမှ မတိုက်ခဲ့ပါဘူး။ အဲဒီကိုင်းသောင်ကျေးရွာမှာ ယခုအခါ အိုးအိမ်သစ်များ ဆောက်လုပ်ပြီး ရွာသစ်တည်ပြီးနေပါပြီ။ လက်ရှိ ကိုင်းသောင်ကျေးရွာလူဦးရေ ၃၇၄၄ဦးစလုံး ကျန်းမာပကတိရှိနေတာ အားလုံးမြင်တွေ့နိုင်ပါတယ်။**

ပြည်တွင်း၊ ပြည်ပအဖျက်သမားများက ဒုက္ခရောက်နေကြရတဲ့ မြန်မာပြည်သူတွေကို အပ်တိုတစ်ချောင်း၊ ငွေကြေးတစ်ပြားတစ်ချပ်မှ မလှူ၊ မကူကြတဲ့အပြင် နာဂစ်မုန်တိုင်း လေဘေးထက်ဆိုးတဲ့ အဆိပ်သင့် မီဒီယာမုသားလေလှိုင်းနဲ့ ဒုက္ခပေးတဲ့ လေဆိုးတွေနဲ့ ပိုပြီးဒုက္ခရောက်အောင် လုပ်နေတာကတော့ အောက်တန်းကျလွန်းတယ်လို့ ပြောရတော့မှာပါပဲရှင်။ လေဘေးသင့်ကျွန်မတို့ ဆွေမျိုးပြည်သူတွေဟာ အပူလုံးကြွ၊ ယူကျုံးမရဖြစ်ရာကနေ ဒီကနေ့တော့ အတူပြုံးနိုင်ကြပြီဖြစ်ကြောင်း မိခင်သန့်က ကိုယ်တွေ့တင်ပြလိုက်ရပါတယ်ရှင်။ ။

လေ့ကျင့်ရေးအလယ်တန်းကျောင်း (အလက-၁ ရန်ကင်း) ပထမအကြိမ် စုပေါင်းအာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၆

လေ့ကျင့်ရေးအလယ်တန်းကျောင်း (ယခင် အလက-၁ ရန်ကင်း) ၌ ၁၉၅၄ ခုနှစ်မှ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်အထိ ပညာသင်ယူခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၂ ရက်(တန်ဆောင်မုန်းလပြည့်နေ့)တွင် ကျင်းပမည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ဆရာမ ဒေါ်ခင်စန်းမြင့် (ကျောင်း) ဖုန်း-၅၆၁၅၆၅ (အိမ်) ၅၅၅၁၈၀ လိုင်းခွဲ ၂၆၁၊ ကိုပြည့်ဖြိုးဝေ ဖုန်း-၀၉-၅၁ ၆၉၆၉၁၊ ကိုမောင်မောင်ဝေ ဖုန်း-၀၉-၅၁ ၀၆၈၄၀၊ ကိုရန်နိုင်မိုးလွင် ဖုန်း-၅၇၃၅၀၅၊ လိုင်းခွဲ ၁၉၈၊ ကိုကျော်ကျော်လွင် ဖုန်း- ၀၉-၅၁၆၉၅၇၅၊ ကိုတိုးဝင်းမြင့် ဖုန်း-၀၉ ၂၂၀၁၄၈၈၊ ကိုဇော်မိုးဝေ ဖုန်း-၀၉-၅၁၀၉၁၆၉၊ ကိုမိုးကျော်အောင် ဖုန်း-၀၉-၅၁၉၆၅၈၁၊ ကိုအေးအောင် ဖုန်း- ၅၆၆၆၃၆၊ ကိုထွန်းထွန်းခိုင် (ကြက်ပေါင်) ဖုန်း- ၅၄၀၁၀၃၊ မခင်ခင်ဝင်း ဖုန်း - ၅၆၂၀၄၉၊ မနေနွယ်မြင့် ဖုန်း-၀၉-၅၁၆၃၉၇၊ မနွေးနွေးအောင် ဖုန်း- ၀၉-၅၁ ၁၈၀၉၄၊ မခြူးသက်နွယ် ဖုန်း-၀၉-၅၁ ၁၈၀၉၄တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။

ထို့ပြင်အပတ်စဉ်တနင်္ဂနွေနေ့တိုင်း နံနက် ၉ နာရီမှ ၁၁ နာရီထိ ကျင်းပသော အစည်းအဝေးသို့ လာရောက်၍လည်း သိလိုသမျှကို စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(က-ပ)

မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (ရန်ကုန်တိုင်း) လုပ်အားယှဉ်ပြိုင်ဆု ပေးအပ်ချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၆

မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ(ရန်ကုန်တိုင်း)၏ ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ် အကြိမ်(၄၀)မြောက် လုပ်အားယှဉ်ပြိုင်ဆုနှင့် လုပ်အားဆု ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၅ရက် နံနက်၁၁နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် လေးဒေါင့်ကန်လမ်းပေါ်ရှိ ရုံးချုပ်အဆောက်အအုံ၌ ကျင်းပသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(ရန်ကုန်တိုင်း)၏ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အကြိမ်(၄၀)မြောက် လုပ်အားယှဉ်ပြိုင်ဆုနှင့် လုပ်အားဆု ပေးအပ်ချီးမြှင့်ပွဲတွင် ဌာနခွဲများအလိုက် လုပ်အားယှဉ်ပြိုင်ဆုနှင့် လုပ်အားဆုများကို ပေးအပ်စဉ်။ (သတင်းစဉ်)

အစီအစဉ်အရ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က အမှာစကား ပြောကြားရာတွင် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် တိုင်းအတွင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး လုပ်ငန်းတာဝန်ကို ဆောင်ရွက်ရာ၌ ခရီးသွားပြည်သူများ အဆင်ပြေလွယ်ကူချောမွေ့စွာ သွားလာနိုင်ရေး၊သက်သာချောင်ချိမှုရှိရေး၊ ဘေးအန္တရာယ်ကင်းရှင်းပြီးစိတ်ချမ်းမြေ့စွာသွားလာနိုင်ရေးတို့အတွက် အထူးအလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ အဆင့်ဆင့်နှင့် ဝန်ထမ်းများ၊ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ အနေဖြင့်လည်း ယာဉ်စည်းကမ်း လမ်းစည်းကမ်းကိုလိုက်နာ၍ ခရီးသည်များ ဘေးကင်းစွာ သွားလာနိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်းတို့ကိုပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က လုပ်အားယှဉ်ပြိုင်ဆုနှင့် လုပ်အားဆုများကို ရုံးချုပ်နှင့် ဌာနခွဲများအလိုက် ပေးအပ်ချီးမြှင့်ပြီး ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းနှင့် တာဝန်ရှိသူများက လုပ်အားယှဉ်ပြိုင်ဆုရရှိသူများအားတစ်ဦးချင်းဆုများပေးအပ်ချီးမြှင့်ကာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဇူလိုင် ၅ရက်တွင် ကျင်းပသည့် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ(ရန်ကုန်တိုင်း)၏ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် အကြိမ်(၄၀)မြောက် လုပ်အားယှဉ်ပြိုင်ဆုချီးမြှင့်ငွေမှာ ငွေကျပ်သိန်း ၉၀၀ ဖြစ်ပြီး လုပ်အား ဆုချီးမြှင့်ငွေမှာ ငွေကျပ်သိန်း ၆၀၀ဖြစ်၍ စုစုပေါင်းချီးမြှင့်ငွေမှာငွေကျပ်သိန်း ၁၅၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အသက် (၁၉)နှစ်အောက် လူသစ်တန်းဘောလုံးပြိုင်ပွဲစတင် အိမ်ရှင် ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းအနိုင်ရရှိ

မြန်မာ နိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အား ကစား ဝန်ကြီး ဌာန ဝန်ကြီးဗိုလ်မှူးချုပ် သူရ အေးမြင့် ပအိုဝ်း အမျိုးသား ဘောလုံးအဖွဲ့ချုပ်သို့ဘောလုံး ၂၀ ပေးအပ်စဉ်။
(ကြေးမုံ)

ရန်ကုန် ဇူလိုင် ၆

၂၀၀၈ ခုနှစ် (၉)ကြိမ်မြောက် အားကစားဝန်ကြီးဖလား ပြည်နယ်နှင့်တိုင်း အသက် (၁၉)နှစ်အောက် လူသစ်တန်း ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ဇူလိုင် ၅ရက် ညနေ ၃နာရီက ရှမ်းပြည်နယ် (တောင်ပိုင်း)တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရ အေးမြင့်က အဖွင့်အမှာစကား ပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ထို့နောက် ဝန်ကြီးက မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ဘောလုံး အားကစားနည်း ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဘောလုံးများကို ပေးအပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဘောလုံးအသင်းအတွက် ဘောလုံး ၂၀ကို ဒုတိယတိုင်းမှူးက လည်းကောင်း၊ ပအိုဝ်းအမျိုးသား ဘောလုံးအဖွဲ့အတွက် ဘောလုံး ၂၀ ကို ပအိုဝ်းအမျိုးသား ဘောလုံးကော်မတီအဖွဲ့ဝင် ဦးပီတာကလည်းကောင်း လက်ခံရယူကြသည်။

ဆက်လက်၍မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ရှမ်းပြည်နယ်(တောင်ပိုင်း) ဘောလုံးဖွံ့ဖြိုးရေးအတွက် ဘောလုံး ၄၆လုံးကို ပြည်နယ် အားကစားမှူး ဦးစိုးနိုင် (ဒုတိယညွှန်ကြားရေးမှူး အား/ကာ) ထံသို့လည်းကောင်း၊ကယားပြည်နယ်

သတင်းနှင့်ဓာတ်ပုံ- စိုးညွှန့်(ကြေးမုံ)

ဘောလုံး ဖွံ့ဖြိုးရေးအတွက် ဘောလုံး ၂၀ကို ကယားပြည်နယ် အား/ကာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းငွေထံသို့လည်းကောင်း ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပွဲဦးထွက်ပွဲအဖြစ် ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကြရာ ရှမ်းပြည်နယ်(တောင်ပိုင်း)က လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပြိုင်ပွဲအပြီးတွင် ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း ချီးမြှင့်သည့် တစ်သင်းလျှင် ငွေကျပ်ငါးသောင်းစီနှင့် ပြိုင်ပွဲကျင်းပရေးကော်မတီမှ ချီးမြှင့်သည့် အကောင်းဆုံးဆုရအောင်ကျော်ဦး(ရှမ်း/တောင်) အား ငွေကျပ် ၅၀၀၀တို့ကို ပေးအပ်ချီးမြှင့်သည်။

ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းက ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့၌ ကျင်းပမည့် (က)အုပ်စုပွဲစဉ်ခြောက်ပွဲ၊ ကွာတားဖိုင်နယ် လေးပွဲ၊ ဆီမီးဖိုင်နယ် နှစ်ပွဲ၊ တတိယလုပွဲနှင့် ဗိုလ်လုပွဲ၊ ရွှေညောင်မြို့၌ ကျင်းပမည့် (ခ)အုပ်စုပွဲစဉ် ခြောက်ပွဲ စုစုပေါင်း ပွဲ ၂၀အတွက် ပွဲစဉ်အလိုက်တစ်သင်းလျှင် ငွေကျပ်ငါးသောင်းဖြင့် တစ်ပွဲလျှင် ငွေကျပ်တစ်သိန်း စုစုပေါင်း ငွေကျပ်သိန်း ၂၀ကို ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်နှင့်တိုင်း ယူ-၁၉ဘောလုံးပြိုင်ပွဲကို အုပ်စုလေးစုခွဲ၍ ကျင်းပရာ (က)အုပ်စုကို တောင်ကြီးမြို့ပြည်နယ်အားကစားကွင်း၊ (ခ) အုပ်စုကို ရွှေညောင် အားကစားကွင်း၊ (ဂ) အုပ်စုနှင့် (ဃ)အုပ်စုကို ကယားပြည်နယ် လွိုင်ကော်မြို့တို့၌ ဇူလိုင် ၅ရက်မှ ၁၄ရက်အထိ ကျင်းပသည်။ ရှုံး/ထွက်ပွဲစဉ်များ၊ ဆီမီးဖိုင်နယ်၊ ဖိုင်နယ်ပွဲစဉ်တို့ကို တောင်ကြီးမြို့ ပြည်နယ်အားကစား ကွင်း၌ ဇူလိုင် ၁၇ရက်မှ ၂၆ရက် အထိ ဆက်လက်ကျင်းပမည်ဖြစ်သည်။

(က)အုပ်စုတွင် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်၊ (ခ)အုပ်စုတွင် ရန်ကုန်တိုင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်း၊ (ဂ)အုပ်စုတွင် ကယားပြည်နယ်၊ မကွေးတိုင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ပဲခူးတိုင်း၊ (ဃ)အုပ်စုတွင် တနင်္သာရီတိုင်း၊ မွန်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့ ပါဝင်ကြသည်။

(ကြေးမုံ)

ရှမ်းပြည်နယ် (တောင်ပိုင်း) အသင်း၏ ထိုးဖောက်မှုကို ရခိုင်ပြည်နယ် အသင်းနောက်ခံလူများ ဖျက်ထုတ်စဉ်။ (ကြေးမုံ)

✳ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လပွတ္တာမြို့ အမှတ်(၁၀) ရပ်ကွက်ရှိ ဘုရင့်နောင်ခန်းမသို့ ရောက်ရှိကြရာ ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က လပွတ္တာမြို့နယ်အတွင်း ပြန်လည်ထူထောင်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မက်(စ်)မြန်မာကုမ္ပဏီနှင့် ဝါဝါဝင်းဆောက်လုပ်ရေးကုမ္ပဏီတို့မှ တာဝန်ရှိသူတို့က သက်ဆိုင်ရာတာဝန်ကျ နေရာများအလိုက် နေအိမ်များ တည်ဆောက်နေမှုနှင့်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်က ဆေးရုံများ ပြုပြင်ပြီးစီးမှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းက အဆောက်အအုံများ ဆောက်လုပ်ခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ထွက်ခွာကြရာ နံနက် ၉ နာရီ မိနစ် ၅၀ တွင် လပွတ္တာမြို့နယ် ပြင်စလူမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့အား ပြင်စလူမြို့ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို အနီးကပ်ကြီးကြပ် ကွပ်ကဲနေသော ဗိုလ်မှူးကြီးမြင့်စိန်က ပြင်စလူမြို့ရှိ လေဘေးကြောင့် အိုးအိမ်မဲ့ဖြစ်သွားသူများအား ပြန်လည်နေရာချထားမည့် နေအိမ်များ တည်ဆောက်ပြီးစီးမှု၊ ဆောက်လုပ်ပြီးနေအိမ်များတွင် နေရာချထားပေးမှု၊ ကျန်ရှိသော နေအိမ်များဆောက်လုပ်နေမှုနှင့်ဌာနဆိုင်ရာအဆောက်အအုံများ ပြန်လည်ပြင်ဆင်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မက်(စ်)မြန်မာကုမ္ပဏီဥက္ကဋ္ဌ ဦးဇော်ဇော်က လူနေအိမ်များ ဆောက်လုပ်မှု အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်၏ ပံ့ပိုးဖြည့်ဆည်း စီမံပေးမှုနှင့် စေတနာရှင်အလှူရှင်များ၏ လှူဒါန်းမှုတို့ဖြင့် လေဘေးကြောင့် အိုးအိမ်မဲ့ဖြစ်သွားသော ပြည်သူများအား ယခင်က နေထိုင်ခဲ့သော အဆင့်ထက် သာလွန်ကောင်းမွန်သော နေအိမ်များဖြင့် နေထိုင်ရန်စီစဉ်ပေးလျက်ရှိကြောင်း၊ အဆိုပါ နေအိမ်များတွင် နေရာချထားပေးပြီးသူများ ကိုယ်တိုင် စိုက်ပျိုးစားသောက်သည့် အလေ့အကျင့် ရှိစေရေးအတွက် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးရန် မျိုးစေ့နှင့် လက်သုံးကိရိယာများ လည်းဖြန့်ဝေပေးမည်ဖြစ်၍ ဖြစ်ထွန်းအောင်စိုက်ပျိုးရေးကို တာဝန်ရှိသူများက စီမံကြီးကြပ် ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြင်စလူမြို့၌ မက်စ်မြန်မာကုမ္ပဏီ၏ လယ်ဧက ၅၀၀၀ စိုက်ပျိုးရေးစီမံကိန်းတွင် မိုးစပါးစိုက်ပျိုးရန် ထွန်စက်များဖြင့် ထွန်ယက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆောက်လုပ်ပြီးနေအိမ်များတွင် နေထိုင်လျက်ရှိသော မိသားစုများ၏ နေထိုင်မှုကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး မိသားစုတစ်စုချင်းသို့ မြန်မာနိုင်ငံသစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်သူများ အသင်းဥက္ကဋ္ဌက လှူဒါန်းသော ဟင်းသီးဟင်းရွက်မျိုးစေ့ထုပ်များ၊ စိုက်ပျိုးရေးသုံးကိရိယာများကို ပေးအပ်ပြီး အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးရေး အသေးစိတ်ရှင်းလင်းမှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြင်စလူမြို့၌ WFP မှ လှူဒါန်းသည့် ထောက်ပံ့ရေးပစ္စည်းများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြင်စလူမြို့ အခြေခံပညာအထက်တန်းကျောင်း ယာယီစာသင်ဆောင်သို့ သွားရောက် ကြည့်ရှုစစ်ဆေးရာ ဆရာဆရာမများ၊ ဧရာဝတီတိုင်းအတွင်း လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင် ကူညီရန်ရောက်ရှိနေသော ဒေါက်တာဝင်းမြင့်အောင် ခေါင်းဆောင်သည့် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ယာယီစာသင်ဆောင်အတွင်း ဝင်ရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြင်စလူမြို့ ဆိပ်ကမ်းသို့ရောက်ရှိ၍ ရေယာဉ်ဖြင့်သယ်ဆောင်လာသော ဆောက်လုပ်ရေးသုံးပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး အဆိုပါ ပစ္စည်းများကို သယ်ဆောင် လုပ်အားပေးနေကြသော ဗိုလ်မှူးမောင်မြင့်ခေါင်းဆောင်သော တပ်မတော်သားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ပြင်စလူမြို့ရှိ ကလေးငယ်များအတွက် နို့မှုန့်နှင့်ဖြည့်စွက်အာဟာရများကို မြို့နယ်ဆရာဝန် ဒေါက်တာတင်ဝင်းထံ ပေးအပ်သည်။ ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် တပ်မတော်အရာရှိ၊ စစ်သည်များက နေအိမ်များ ဆောက်လုပ်မှုတွင် ပါဝင်ကူညီဆောက်လုပ် ပေးနေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ပြင်စလူမြို့မှ ပြန်လည်ထွက်ခွာလာရာ ပြင်စလူကွင်းတွင် ထိခိုက်ပျက်စီးခဲ့သော ဦးဂေါင်းပုတာကို စက်ယန္တရားဖြင့် ပြန်လည်ပြုပြင်မြေဖို့နေမှု၊ ခရီးလမ်းတစ်လျှောက်ရှိကျေးရွာများ အခြေအနေ၊ မိုးစပါးစိုက်ပျိုးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ နံနက် ၁၁ နာရီခွဲတွင် ငပုတောမြို့နယ် ကျောက်ကလပ်ကျေးရွာသို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့အား ငပုတောမြို့နယ်လေဘေး ပြန်လည် ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲနေသော သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွာသစ်တည်ဆောက်နေသည့် အုတ်တွင်းကျေးရွာအုပ်စု ခုံကြီးကျေးရွာသစ်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်မျိုးမြင့်သန်းနှင့် တပ်မတော်အရာရှိများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခုံကြီးကျေးရွာသစ်၌ ရွှေသံလွင်၊ အရှဏ်ဦးကုမ္ပဏီ အုပ်စုက တာဝန်ယူဆောက်လုပ်လျက်ရှိသော နေအိမ်များ ဆောက်လုပ်မှု အခြေအနေ၊ ဆောက်လုပ်ပြီး နေအိမ်များတွင် မိသားစုများအား နေရာချထားပေးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မိသားစုတစ်စုချင်း၏ နေထိုင်စားသောက်မှုနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းအခြေအနေတို့ကို ရင်းရင်းနှီးနှီး မေးမြန်းသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်က မိသားစုများအား နိုင်ငံတော်၏ ပံ့ပိုးဖြည့်ဆည်းစီမံပေးမှု၊ စေတနာရှင် အလှူရှင်များ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုတို့ဖြင့် ယခင်က အခြေအနေထက်သာလွန် ကောင်းမွန်သော နေအိမ်များကို ဆောက်လုပ်ပေးသကဲ့သို့ အသက်မွေးဝမ်းကျောင်းအလိုက် မိမိတို့၏ မူလအလုပ်အကိုင်များ လုပ်နိုင်အောင်လည်း စီမံဆောင်ရွက်ပေးလျက်ရှိရာ မိမိတို့ဘဝ တိုးတက်အောင် အလုပ်ကို ကြိုးစားလုပ်ကိုင် သွားကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က ဘုန်းတော်ပြည့်ရွာနှင့် ခုံကြီးရွာမှ အိုးအိမ်မဲ့ ပြည်သူများအား နေရာချထားပေးမှု အခြေအနေများကို လည်းကောင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ရေလုပ်သားများတွက် လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့မှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်း မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ခုံကြီးကျေးရွာသစ်၌ တပ်မတော်(ရေ)မှ တပ်မတော်သားများက နေအိမ်တည်ဆောက်မည့် မြေနေရာများ ရှင်းလင်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က နေအိမ်ဝင်းများအတွင်း ကိုယ်တိုင် စိုက်ပျိုးစားသောက်နိုင်ရန် ဟင်းသီး၊ ဟင်းရွက်မျိုးစေ့ထုပ်များနှင့် လက်သုံးကိရိယာများကို တာဝန်ရှိသူများထံ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ခုံကြီးကျေးရွာသစ်မှ ပြန်လည်ထွက်ခွာကြရာ ကျောက်ကလပ်ကျေးရွာသို့ ရောက်ရှိကြပြီး ထိုမှတစ်ဆင့် ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ မွန်းလွဲ ၁၂ နာရီခွဲတွင် သက်န်းကုန်းတိုက်နယ် သက်န်းကုန်းရွာသို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့အား ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ကြိုဆို နှုတ်ဆက်ကြပြီး သက်န်းကုန်းတိုက်နယ် ရှင်းလင်းဆောင်၌ မြန်မာ့ပုလဲ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေး လုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးစိန်လွင်က ကျေးရွာများ ပြန်လည်ထူထောင် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ၊ လယ်ထွန်စက်များ ရောက်ရှိမှုနှင့် ထွန်ယက်မှု အခြေအနေ၊ မျိုးစပါးများရရှိမှုနှင့် ပျိုးထောင်စိုက်ပျိုးမှုအခြေအနေ၊ ရေလုပ်ငန်းသုံးလှေနှင့် ငါးဖမ်းပိုက်များရရှိမှုနှင့် ဖြန့်ဝေပေးမှုအခြေအနေ၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားမှုနှင့် ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာများရရှိမှုအခြေအနေ၊ ကျန်းမာရေး စောင့်ရှောက်ပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်က ကျေးရွာအတွက် ထောက်ပံ့ရေးပစ္စည်းများကို ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိသူအား ပေးအပ်သည်။ ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုနှင့် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေတို့က စားသောက်စရာများနှင့်အဝတ်အထည်များကို ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိသူများထံ ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးပြီး ရဟတ်ယာဉ်များဖြင့် သက်န်းကုန်းကျေးရွာမှ ပြန်လည်ထွက်ခွာ၍ လမ်းခရီးတစ်လျှောက်တွင် မိုးစပါးစိုက်ပျိုးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ပုသိမ်မြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

❀ လပွတ္တာမြို့နယ်မှ

မွန်းတည့် ၁၂နာရီအထိနှင့် ညနေ ၃နာရီမှ ညနေ ၆နာရီအထိ စမ်းသပ်ဆေးကုသမှု ပေးခြင်းများအပြင် ကျောင်းစာကြည့်တိုက်သို့ စာအုပ်များလှူဒါန်းခြင်းနှင့် ကျောင်းကျန်းမာရေးအတွက် အာဟာရ တိုက်ကျွေးခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းများကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

ဆေးဝါးစောင့်ရှောက်ရေးအဖွဲ့ဝင်များသည် လှိုင်းဘုန်းကျေးရွာရှိ လူနာများအတွက် ECG နှလုံးစမ်းသပ်စက်အသုံးပြုခြင်း၊ အောက်ဆီဂျင်သုံးကုသပေးခြင်း၊ Nebulizer အသုံးပြုကုသပေးခြင်းအပြင် အထူးကုဆရာဝန်ကြီးများ၏ လိုအပ်သော ကုသမှုများကို ခံယူရရှိစေရန် မြို့နယ်ဆေးရုံများသို့ လူနာလွှဲပြောင်းပေးမှုကို ဆောင်ရွက်ခြင်းနှင့် လူနာများအတွက် ခရီးစရိတ်များကိုလည်း ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြသည်။

ရွှေဂုံတိုင်အထူးကုဆေးခန်းနှင့် ပင်လုံအထူးကုဆေးခန်းမှ ဆေးဝါးစောင့်ရှောက်ရေးအဖွဲ့ဝင်များဖြစ်သည့် ဒေါက်တာသန်းသန်းနွဲ့ ခေါင်းဆောင်သော ဆရာဝန် ရှစ်ဦးနှင့် သူနာပြုများအပါအဝင် အဖွဲ့ဝင် ၁၉ဦးပါ အဖွဲ့(၂)သည် ဇွန် ၁၀ရက်မှ ၁၈ရက်အထိလည်းကောင်း၊ ဒေါက်တာလှမြင့် ခေါင်းဆောင်၍ ဆရာဝန် ၁၀ဦးနှင့် သူနာပြုများ အပါအဝင် အဖွဲ့ဝင် ၂၀ပါ အဖွဲ့(၃)သည် ဇွန်၁၈ရက်မှ ၂၆ရက်အထိ လည်းကောင်း၊ ဒေါက်တာဒေါ်စန်းစန်းဝင်း ခေါင်းဆောင်၍ ဆရာဝန် ရှစ်ဦးနှင့် သူနာပြုအပါအဝင် အဖွဲ့ဝင် ၁၉ဦးပါ အဖွဲ့(၄)သည် ဇွန်၂၆ရက်မှ ဇူလိုင်၅ရက်အထိ လည်းကောင်း၊ ဒေါက်တာမြင့်မြင့်အေး ခေါင်းဆောင်၍ ဆရာဝန် ခုနစ်ဦးနှင့် သူနာပြုများအပါအဝင် အဖွဲ့ဝင် ၁၇ဦးပါ အဖွဲ့(၅)သည် ဇူလိုင် ၅ရက်မှ ၁၃ရက်အထိ လည်းကောင်း လှိုင်းဘုန်းကျေးရွာ ကယ်ဆယ်ရေး စခန်း၌ လေဘေးသင့်ဒေသပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြသည်။

အဆိုပါ ဆေးဝါးစောင့်ရှောက်ရေးအဖွဲ့သည် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာ၌ နေ့စဉ်တစ်နေ့လျှင် လူနာ ၂၀၀ ခန့်အား ကုသပေးနိုင်ခဲ့ပြီး ယနေ့အထိ လူနာ ၅၀၀၀ ကျော်ကို ဆေးဝါးကုသပေးနိုင်ပြီး ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန UNFPA

ကမ္ဘာ့လူဦးရေနေ့

မိသားစုဘဝသာယာရေး

မျိုးဆက်ပွားကျန်းမာရေး လက်တွေ့ဖော်ဆောင်ပေး

It's a right, let's make it real

၂၀၀၈ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်

ဓာတ်ပုံပြပွဲဖွင့်လှစ်

ဇွန် ၆ရက်က ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းရှိ မန္တလေးအသင်း(ရန်ကုန်) ရတနာပုံအနုပညာခန်းမ၌ ပြသမည့် ရှုခင်းသာယာပြည်မြန်မာဓာတ်ပုံပြပွဲ ဖွင့်ပွဲတွင် မန္တလေးအသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဦးမြသောင်းနှင့် မြန်မာနိုင်ငံဓာတ်ပုံအသင်းဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးတင်မြင့်(ငြိမ်း)တို့က ဖဲကြိုးဖြတ်၍ ပြပွဲကို ဖွင့်လှစ်ပေးစဉ်။ (ကြေးမုံ)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့၏ ဒုတိယအကြိမ် မိသားစု ဝါဆိုသင်္ကန်းကပ်လှူပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၆

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့အား အမှူးထား၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့၏ ဒုတိယအကြိမ် မိသားစု ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ပျဉ်းမနား မင်္ဂလာရပ်ကွက်ရှိ ရတနာသိဒ္ဓိပရိယတ္တိစာသင်တိုက် ရတနာဝါသ နှစ်ထပ်ကျောင်းဆောင်တော်ကြီး၌ ကျင်းပသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့ အမှူးပြုသော ဧည့်ပရိသတ်များ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့၏ ဒုတိယအကြိမ် မိသားစု ဝါဆိုသင်္ကန်း ကပ်လှူပွဲ အခမ်းအနားတွင် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

ဒုတိယအကြိမ် မိသားစု ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ကဝိသာရနှင့် မြို့နယ်ဝိနည်းဓိုရ် သံဃသမ္မုတိရ ရတနာသိဒ္ဓိ ပရိယတ္တိစာသင်တိုက် ပဓာနနာယက သာသနဓဇ သိရီပဝရ ဓမ္မာစရိယ တိပိဋကဒီဃ ဘာဏက ဒီဃနိကာယ ကောဝိဒ တိပိဋကတစ်ပုံဆောင် ဘဒ္ဒန္တ ပညာသာမိတို့ အမှူးပြုတော်မူသော ပင့်သံဃာတော် ၁၅ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ရုံးအဖွဲ့မှူးနှင့် ဌာဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းမိသားစုများ၊ ဥပဋ္ဌာက အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြည်ညိုကြသည်။

သီလခံယူ

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး မြို့နယ်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သံလမ်းကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တဉာဏဝံသထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များက မေတ္တသုတ် အစရှိသည့် ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြရာ ပရိသတ်များက နာကြားကြသည်။

လှူဒါန်း

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့က သံလမ်းကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တဉာဏဝံသ၊ ရတနာသိဒ္ဓိ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဘဒ္ဒန္တပညာသာမိနှင့် မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တကဝိသာရတို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းမိသားစုများက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သြဝါဒါစရိယ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရက သာဓုအနုမောဒနာတရား ချီးမြှင့်တော်မူပြီး ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နေ့ဆွမ်းဆက်ကပ်

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဇနီး ဒေါ်ကြည်ကြည်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများက ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့၏ ဒုတိယအကြိမ် မိသားစု ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားတွင် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ချီလီမှ အယ်လ်လိုင်မာမီးတောင် လှုပ်ရှားနေပြီ

ဆန်တီယာဂို ဇူလိုင် ၆

ချီလီနိုင်ငံတောင်ပိုင်းရှိ အယ်လ်လိုင်မာ မီးတောင်သည် သောကြာနေ့က ထပ်မံ ပေါက်ကွဲရန် အတွက် လှုပ်ရှားနေကြောင်း ဒေသတွင်းသတင်းဌာနများက ဖော်ပြကြသည်။

အဆိုပါ မီးတောင်သည် အင်္ဂါနေ့က ပေါက်ကွဲခဲ့ရာ လူ ၂၅ ဦးကို ကယ်တင်ခဲ့ရသည်။ ချီလီအာဏာပိုင်များက မီးတောင်ပတ်ဝန်းကျင်တွင် နေထိုင်ကြသူများကို အန္တရာယ်နီးကပ်နေကြောင်း ဗုဒ္ဓဟူးနေ့က နောက်ဆုံးသတိပေးချက် ထုတ်ပြန်ထားသည်။

ထိုသတိပေးချက်သည် ချီလီနိုင်ငံမြို့တော် ဆန်တီယာဂို၏တောင်ဘက် ကီလိုမီတာ ၇၀၀ ခန့်အကွာ မီးတောင်၏ ဆင်ခြေလျှောတွင် နေထိုင်ကြသူများနှင့် တိုက်ရိုက်သက်ဆိုင်သည်။

မှတ်ထုတ်လျက်ရှိ

ချီလီအမျိုးသား ဘူမိဗေဒနှင့် သတ္တုတူးဖော်ခြင်းလုပ်ငန်းက အယ်လ်လိုင်မာ မီးတောင်သည် ပြာများနှင့် ရေငွေ့များကို ၂၀၀၇ ခုနှစ်မေလကတည်းက ပြတ်တောင်းပြတ်တောင်း မှုတ်ထုတ်လျက်ရှိသည်ဟု ပြောသည်။

အမ်အင်အေ၊ဆင်ဟွာ။

တောင်အမေရိကတိုက်တွင် အလှုပ်ရှားဆုံး မီးတောင်များ အနက် တစ်ခုအပါအဝင်ဖြစ်သည့် ချီလီနိုင်ငံတောင်ပိုင်းရှိ အယ်လ်လိုင်မာ မီးတောင်မှ ချော်ရည်များ စီးကျလာသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အယ်လ်ဆာဗေးဒိုးနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်း ရေလွှမ်းမိုးမှုဖြစ်ပွား၍ ၁၅ ဦး သေဆုံး

ဆန်ဆာလ်ဗေဒို ဇူလိုင် ၆

အယ်လ်ဆာဗေးဒိုးနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းသဖြင့် ရေလွှမ်းမိုးမှုဖြစ်ပွားကာ အနည်းဆုံး ၁၅ ဦး သေဆုံး၍ အခြား ၂၈ ဦး ပျောက်ဆုံးလျက်ရှိပြီး မြို့စွန်ရှိ မြစ်အတွင်းသို့ ခရီးသည်တင် ဘတ်စ်ကားတစ်စီး ထိုးကျခဲ့ကြောင်း ကယ်ဆယ်ရေး လုပ်သားများက သောကြာနေ့တွင် ပြောကြားသည်။

ဆန်ဆာလ်ဗေဒိုမြို့၏ ဆင်ခြေဖုံးရပ်ကွက်တွင် ကြာသပတေးနေ့ ညက လမ်းပေါ်သို့ ရေများလျှံတက်လာချိန်တွင် ကားတစ်စီး ကြိုးစားဖြတ်ကျော်ရာမှ ရေစီးနှင့် မြစ်ထဲသို့ မျောပါသွားပြီး ခုနစ်ဦး သေဆုံးခဲ့သည်။

ရေလုံးကြီးများက ဘတ်စ်ကားကို အရှိန်ပြင်းစွာ ဝင်တိုက်ခဲ့၍ ကားမှာ ထက်ပိုင်းကျိုးသွားသည်။ ဘတ်စ်ကားပေါ်မှ အသက်(၁၆)နှစ် အရွယ်ရှိ ဖက်ဘရီကို ဟာနက်ဒက်စ် ဆိုသူ တစ်ဦးတည်းသာ လွတ်မြောက်ခဲ့သည်။

ပြောကြား

သေကံမရောက် သက်မပျောက်ဘဲ ကျန်ရစ်သူများအား ပိုက်စိပ်တိုက်ရှာဖွေလျက်ရှိကြောင်းနှင့် ဘတ်စ်ကားကို မြစ်အတွင်းမှ ဆယ်ယူပြီးဖြစ်ကြောင်း မြို့ပြကာကွယ်ရေး အဖွဲ့ခေါင်းဆောင် ပြည်ထဲရေးဝန်ကြီးဖြစ်သူ ဂျူအင်နီမခ်ဂျူအယ် ဘိုလိုနက်စ်က ပြောကြားသည်။

ပျောက်ဆုံး

သီးခြားဖြစ်စဉ်အနေဖြင့် အယ်လ်ဆာဗေးဒိုးနိုင်ငံ အလယ်ပိုင်းဒေသတွင် မိုးသည်းထန်စွာ ရွာသွန်းသဖြင့် မြစ်ရေ လျှံမှုကြောင့် မိန်းကလေးငယ်တစ်ဦး အပါအဝင် ရှစ်ဦး သေဆုံးခဲ့ရပြီး ငါးဦးမှာ ပျောက်ဆုံး လျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

ဝါဆိုသင်္ကန်း ကပ်လှူမည်

ရန်ကုန် ဇူလိုင် ၆

ရန်ကုန်တိုင်း ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ် အမှတ် (၅၀)ရပ်ကွက်မှ အလှူရှင်များ၏ ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲနှင့် ဝါတွင်းကာလ တနင်္ဂနွေနေ့ အပတ်စဉ် အရုဏ်ဆွမ်း လောင်းလှူပွဲ ဖွင့်ပွဲအခမ်းအနားကို အမှတ် (၅၀) ရပ်ကွက် သာသနာ့ရောင်ခြည် ဓမ္မဗိမာန်တော်ကြီး၌ ဇူလိုင် ၁၇ ရက်တွင် ကျင်းပမည်ဖြစ်ပါ၍ ပါဝင်လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် ရပ်ကွက်ဥပဋ္ဌာကအဖွဲ့ (သာသနာ့ရောင်ခြည် ဓမ္မဗိမာန်တော်ကြီး)သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

မြစ်ရေကြီးခြင်း သတိပေးချက်ထုတ်ပြန်

နေပြည်တော် ဇူလိုင် ၆

ချင်းတွင်းမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲ တိုင်းထွာချက်များအရ မော်လိုက်မြို့တွင် ၁၁၂၈ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၂၃၀ သို့ ရောက်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ယနေ့ နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲ တိုင်းထွာချက်အရ ဟုမ္မလင်းမြို့တွင် ၂၉၀၃ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက်၌ သုံးစင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၂၉၀၀ အထက်တွင် ဆက်လက် တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

(သတင်းစဉ်)

ဆွီဒင်မြောက်ပိုင်း၌ မိုင်းတွင်းမီးလောင် ကိုးဦးပိတ်မိနေ

စတော့ဟုမ်း ဇူလိုင် ၅

ဆွီဒင်နိုင်ငံမြောက်ပိုင်းတွင်ကြာသပတေးနေ့က မိုင်းတွင်းမီးလောင်ပြီး ကိုးဦးပိတ်မိနေကြောင်း ဆွီဒင်သတင်းဌာန တီတီကဖော်ပြသည်။

မယ်လ်ဘတ်ဂျ်မြို့ရှိ မိုင်းတွင်းတွင် ကြာသပတေးနေ့ ညနေ ၄ နာရီ၌ မြေပြင်အောက် တစ်ကီလိုမီတာအနက်တွင် ယာဉ်တစ်စီး မီးလောင်ရာမှစ၍ မီးလောင်မှုဖြစ်ပွားခဲ့သည်။ မြေမျက်နှာပြင်၏အောက် မီတာ ၁၂၅၀ အနက်တွင် အဆိုပါ ကိုးဦးသည် ပြင်ပမှ အကူအညီကို စောင့်မျှော်လျက်ရှိခဲ့ကြောင်း မိုင်းပိုင်ရှင်ကုမ္ပဏီ အယ်လ်ကေအေဘီ၏ ပြောရေးဆိုခွင့်ရှိသူမှ ပြောကြားချက်ကို ကိုးကား၍ တီတီက ဖော်ပြသည်။

အဆိုပါ ပြောရေးဆိုခွင့်ရှိသူက မီးလောင်မှုဖြစ်ပွားစဉ်တွင်မိုင်းအလုပ်သမား ၅၀ ခန့် ရှိကြောင်း၊ အများစုမှာလွတ်မြောက်လာခဲ့ကြကြောင်းဆက်လက်ပြောကြားသည်။မီးစတင်လောင်သော်လည်း ယာဉ်မောင်းသူမှာ မည်သည့်ဒဏ်ရာမျှမရရှိဘဲအန္တရာယ်ကင်းစွာ လွတ်မြောက်လာခဲ့ သည်ဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နှင့် တရုတ်(တိုင်ပေ) အကြား နှစ်(၆၀)အတွင်း ပထမဆုံးအကြိမ် ပုံမှန်လေကြောင်းတိုက်ရိုက်ပျံသန်းခြင်း စတင်သည့်အနေဖြင့် တရုတ်နိုင်ငံတောင်ပိုင်းလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်း တာအိုယန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဇူလိုင် ၄ ရက်က ဆိုက်ကပ်စဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အမေရိကန်ဦးဆောင်သောတပ်များ ပုံးကြဲ၍ အာဖဂန်နစ္စတန် အရပ်သား ၂၂ဦးသေဆုံး

ဒေဘာဒါဆက် (အာဖဂန်နစ္စတန်) ဇူလိုင် ၅

အာဖဂန်နစ္စတန်အရှေ့ပိုင်းပြည်နယ် နူရစ်တန်တွင်စနေနေ့ကအမေရိကန်ဦးဆောင်သော တပ်ဖွဲ့များ၏ လေကြောင်းမှတိုက်ခိုက်ခြင်းကြောင့်အမျိုးသမီးများနှင့် ကလေးများ အပါအဝင် အရပ်သား၂၂ဦးသေဆုံးကြောင်းတာဝန်ရှိသူတစ်ဦးကပြောကြားသည်။

ဝမ့်ခရိုင်အတွင်းလမ်းတစ်လမ်းပေါ်တွင် အရပ်သားများသည် ကားနှစ်စီးဖြင့်ခရီးသွားနေစဉ် ထိုကဲ့သို့တိုက်ခိုက်ခြင်းခံရကြောင်း ခရိုင်အကြီးအကဲ ဇီယာအူလ်ရာမန်က သတင်းထောက်များအား ပြောကြားသည်။

အမေရိကန်ဦးဆောင်သောတပ်ဖွဲ့များက အဆိုပါဒေသတွင် တာလီဘန်များကိုထိုးစစ်ဆင်နွှဲမည်ဖြစ်၍ အရပ်သားများအား ထွက်ခွာခိုင်းသဖြင့် ထွက်ခွာလာကြစဉ် တိုက်ခိုက်ခံရခြင်းဖြစ်သည်ဟု ၎င်းက ဆက်ရှင်းပြသည်။

အမေရိကန်တပ်ဖွဲ့က ထိုးစစ်ဆင်နွှဲသည်ကို အတည်ပြုပြောကြားသောလည်းအရပ်သားများသေဆုံးမှုကိုသတင်းမရရှိကြောင်းပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဘုရှ် လွတ်လပ်ရေးနေ့မိန့်ခွန်း ပြောကြားစဉ် စစ်ဆန့်ကျင်သူများက နှောင့်ယှက်

ဝါရှင်တန် ဇူလိုင် ၅

အမေရိကန်သမ္မတ ဂျော့ဂျ်ဒဗလျူဘုရှ်သည် သောကြာနေ့က ဗာဂျီနီးယားပြည်နယ်၊ ချာလော့စ်တက်စ်ဗယ်လီတွင် လွတ်လပ်ရေးနေ့ မိန့်ခွန်းပြောကြားနေစဉ် စစ်ဆန့်ကျင်ရေးဆန္ဒပြသူများက အကြိမ်ကြိမ်နှောင့်ယှက်ခဲ့ကြောင်းအေဘီစီသတင်းဌာနက ပြောကြားသည်။

မွန်တီဘယ်လိုတွင် ကျင်းပသောနိုင်ငံသားအသစ်များကို ကြိုဆိုသည့်အခမ်းအနား၌ ဘုရှ်က မိန့်ခွန်းစတင်ပြောကြားသည့်အချိန်တွင်စစ်ဆန့်ကျင်ရေးဆန္ဒပြသူအုပ်စု တစ်စုက ၎င်းအား "စစ်ရာဇဝတ်ကောင်" ဟု ခေါ်ကာ အော်ဟစ်ကြသည်။

သမ္မတကမိန့်ခွန်းပြောကြားနေခြင်းကို ခေတ္တမျှရပ်ဆိုင်းခဲ့သည်။

အမျိုးသမီးတစ်ဦးသည် သမ္မတမိန့်ခွန်းပြောကြားသည့် စင်အနီးသို့ ချဉ်းကပ်လာသဖြင့် လုံခြုံရေးများက တားဆီးခဲ့ရသည်။

နောက်ထပ်မိနစ်အနည်းငယ်ကြာပြီးနောက် စစ်ဆန့်ကျင်ရေးသမားတစ်ဦးက ဘုရှ်အား "ဖက်ဆစ်"ဟု အော်ခဲ့သည်။

ဘုရှ်၏ ၁၀ မိနစ်ကြာ မိန့်ခွန်းပြီးခါနီးအချိန်တွင် ဆန္ဒပြသူအနည်းဆုံး ကိုးဦးအား ရဲတပ်ဖွဲ့ဝင်များက ထိုနေရာမှ ဆွဲထုတ်သွားခဲ့သည်။

၎င်း၏ မိန့်ခွန်းတွင် အီရတ်နှင့် အာဖဂန်နစ္စတန် စစ်ပွဲအကြောင်းမပါဘဲ နိုင်ငံတော်အတွက် အမှုထမ်းခဲ့ကြသော အမေရိကန်စစ်သားများကို ကျေးဇူးတင်ကြောင်းများသာပါသည်။

အမ်အင်အေ၊ဆင်ဟွာ။

စလိုဗေးနီးယားတွင် ကနူးလှေနစ်မြုပ် ခုနစ်ဦးသေ၊ ငါးဦးပျောက်ဆုံး

ပေကျင်း ဇူလိုင် ၄

စလိုဗေးနီးယားနိုင်ငံ၌ တည်ဆောက်ဆဲ ရေကာတာတစ်ခုအတွင်းတွင် သောကြာနေ့က ကနူးလှေ တစ်စင်း ကွဲအက်၍နစ်မြုပ်ခဲ့ရာ ခုနစ်ဦးသေဆုံးပြီး ငါးဦးပျောက်ဆုံးလျက်ရှိကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

နှစ်ဦးမှာ ကမ်းခြေအထိ ရေကူးလာနိုင်ပြီး ဆေးရုံတင်ထားကြောင်း၊ တစ်ဦးမှာစိုးရိမ်ရသောအခြေအနေရှိကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ ပါဗယ်ပါးက ပြောကြားသည်။

အင်တာနက်။

လိုက်ဘေးရီးယားနိုင်ငံ မွန်ရိုးဗီးယားမြို့ဆိပ်ကမ်းတွင် တပ်စွဲထားသည့် ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့မှနိုင်ဂျီးယား တပ်ဖွဲ့ဝင်များအား ဇူလိုင် ၅ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ယူနန်ပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်း ငါးဦးသေဆုံးပြီး ၆၀၀၀၀၀ ရေဘေးဒုက္ခကြုံတွေ့

ကူမင်း ဇူလိုင် ၅

တရုတ်နိုင်ငံအနောက်တောင်ပိုင်းရှိ ယူနန်ပြည်နယ်တွင် ဇွန် ၃၀ ရက်ကတည်းက မိုးသည်းထန်စွာ ရွာသွန်းကာ ရေလွှမ်းမိုးမှု ဖြစ်ခြင်းကြောင့် လူငါးဦးသေဆုံးပြီး ၆၀၀၀၀၀ကျော် ရေဘေးဒဏ် ကြုံတွေ့နေရကြောင်း ကြာသပတေးနေ့တွင် ဒေသခံတာဝန်ရှိသူများက ပြောကြားသည်။

စွန့်ပစ်

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အိမ် ၂၁၀၀ ကျော် ပြိုလဲပြီး အခြားအိမ် ၁၄၂၀၀ ပျက်စီးခဲ့ကြောင်း ပြည်နယ် မြို့ပြရေးရာဌာနက ကြာသပတေးနေ့ ညနေ ၄ နာရီစာရင်းအရ ဖော်ပြခဲ့သည်။ လူ ၂၅၀၀ ခန့်သည် ၎င်းတို့နေအိမ်များကို စွန့်ပစ်ခဲ့ပြီး ရွက်ဖျင်တဲများတွင် နေထိုင်ခဲ့ရသည်။

အမြင့်ဆုံး

ယူနန်ပြည်နယ် မြို့တော်တွင် ဇူလိုင် ၁ ရက်၏ မိုးရွာသွန်းမှုသည် ၁၉၅၁ ခုနှစ် မှတ်တမ်းအရ တတိယအကြိမ်မြောက် အမြင့်ဆုံးဖြစ်သည်။ ဇူလိုင် ၁ရက်ညပိုင်းတွင် ခြောက်နာရီကြာ မုန်တိုင်းတိုက်ခတ်ပြီးနောက် မြို့လယ်၌ ရေတစ်မီတာခန့် ဖုံးလွှမ်းခဲ့သည်။

ပြည်နယ်အများစုတွင် နောက်နှစ်ရက်အတွင်း မိုးပိုမိုရွာသွန်းလာနိုင်ကြောင်း၊ပြည်နယ်အတွင်း နေထိုင်သူများကို ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ဆောင်ကြရန် ညွှန်ကြားခဲ့ကြောင်း မိုးလေဝသဌာနတာဝန်ရှိသူက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘီလာရုစ်၌ ပေါက်ကွဲမှုကြောင့် လူ ၅၀ခန့် ဒဏ်ရာရရှိ

မင့်က်စ် ဇူလိုင် ၅

ဘီလာရုစ်နိုင်ငံ မင့်က်စ်မြို့တွင် ဇူလိုင် ၄ရက် သန်းခေါင်ယံအချိန်က ပေါက်ကွဲမှုဖြစ်ပွားခြင်းကြောင့် လူ ၅၀ခန့်ဒဏ်ရာရရှိပြီး သေဆုံးသူမရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းဖြစ်ပွားမှုအများစုသည် ဟူလီဂျင်လှုပ်ရှားမှုအဖွဲ့ လက်ချက်ဖြစ်ပြီး ဖြစ်ပွားရာနေရာသို့ စုံစမ်းစစ်ဆေးရေးအဖွဲ့များ ရောက်ရှိလာကြသည်။

ဗစ်ဘက်ခ်မြို့ မြောက်ပိုင်းတွင် ၂၀၀၅ ခုနှစ်က အလားတူပေါက်ကွဲမှု ဖြစ်ပွားခြင်းကြောင့် ၄၆ ဦး ဒဏ်ရာရရှိခဲ့သည်။

ရုရှားနှင့် ဥရောပသမဂ္ဂသုံးနိုင်ငံအကြားတွင် တည်ရှိသည့် ဆိုဗီယက်နိုင်ငံမှ ခွဲထွက်လာသော ဘီလာရုစ်နိုင်ငံသည် ၁၉၉၀ ပြည့်နှစ်လယ်မှစ၍ သမ္မတအလက်ဇန္ဒြားလူကာရှန်ကိုက အုပ်ချုပ်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

မလေးရှားနိုင်ငံ စီဘူးမြို့ ရော်ဘာခြံ၌ ပစ်ခတ်မှုဖြစ် ရဲက ပစ်ခတ်၍ ဓားပြအဖွဲ့ဝင် သုံးဦး သေဆုံး

ကွာလာလမ်ပူ ဇူလိုင် ၅

မလေးရှားနိုင်ငံအရှေ့ဘက် ဆာရာဝပ်ပြည်နယ် စီဘူးမြို့ရှိ ရော်ဘာခြံတစ်ခုတွင် ကြာသပတေးနေ့က ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ ဓားပြဂိုဏ်းဝင်များဟု ယူဆရသော နိုင်ငံခြားသားသုံးဦး သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းများက သောကြာနေ့တွင် ဖော်ပြခဲ့သည်။ ရဲတပ်ဖွဲ့က အဆိုပါဂိုဏ်းအား ဝင်ရောက်စီးနင်းခဲ့ရာ၌ အသက် ၂၀ နှစ်နှင့် ၃၀နှစ်အရွယ်ရှိသူ သုံးဦးက ရဲတပ်ဖွဲ့ဝင် ၁၈ ဦးအား ဓားရှည်များ၊ ပစ္စတိုများဖြင့် ဝင်ရောက်တိုက်ခိုက် ခဲ့ကြသည်။

ရဲတပ်ဖွဲ့ဝင်များ အနေဖြင့် သတိပေးခဲ့သော်လည်း ၎င်းတို့ ဆက်လက်တိုက်ခိုက်ခဲ့ကြောင်း ဒေသဆိုင်ရာ ရဲအရာရှိ ရှဖီအစ်မေးလ်က ပြောကြားသည်။ ၎င်းတို့သည် ဇွန် ၂၆ ရက်က စီဘူးမြို့ ဝန်းကျင်တွင် ဖြစ်ပွားခဲ့သည့် ဓားပြမှုများတွင် ပါဝင်ပတ်သက် မည်ဟု ယူဆရကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။



စလိုဗေးနီးယားနိုင်ငံရှိ ရေကာတာအတွင်း ကနူးလှေ နစ်မြုပ်မှုဖြစ်ပွားပြီးနောက် ပျောက်ဆုံးနေသူများအား ကယ်ဆယ်ရေးအဖွဲ့ဝင်များ ဇူလိုင် ၄ ရက်က ရှာဖွေနေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တရုတ်နိုင်ငံ ဟူဘေပြည်နယ် မြောက်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လမ်းပေါ်၌ ရေလွှမ်းနေသည်ကို ဇူလိုင် ၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဂျီ-၈ ဆွေးနွေးပွဲကို ကန့်ကွက်ရန် လူထောင်ပေါင်းများစွာ စုဝေးရောက်ရှိ

ဆပ်ပိုရို (ဂျပန်) ဇူလိုင် ၆

ကမ္ဘာတစ်ဝန်းမှ ကမ္ဘာ့နိုင်ငံရေး၌ တက်ကြွစွာလှုပ်ရှားသူ ထောင်ပေါင်းများစွာတို့သည် ဂျပန်နိုင်ငံမြောက်ပိုင်း ဟော့ကိုင်းဒိုးကျွန်းတွင် ဇူလိုင် ၇ရက်မှ ၉ရက်အထိ ကျင်းပမည့် ဂျီ-၈ဆွေးနွေးပွဲကို ကန့်ကွက်ဆန္ဒပြရန်အတွက် ဆပ်ပိုရိုမြို့သို့ စနေနေ့က ရောက်ရှိလာခဲ့ကြသည်။

ရောက်ရှိလာ

ဂျပန်နိုင်ငံ နေရာအနှံ့အပြားမှလည်းကောင်း၊ ဂရိ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် တောင်ကိုရီးယားမှ လည်းကောင်း ကန့်ကွက်သူများသည် မွန်းလွဲပိုင်းတွင် ဆပ်ပိုရိုမြို့ မြို့လယ်ရှိ အိုဒိုရိပန်းခြံတွင် စတင်ရောက်ရှိလာကြသည်။

ထည့်သွင်းပြောကြား

ကမ္ဘာ့ အချမ်းသာဆုံး နိုင်ငံများသည် စစ်ပွဲများ၊ ဆင်းရဲငတ်မွတ်ခေါင်းပါးမှု များပြားလာခြင်း၊ စားနပ်ရိက္ခာနှင့် စွမ်းအင်ပြဿနာ၊ ကမ္ဘာကြီးပူနွေးလာခြင်းတို့ အပေါ်တွင် တာဝန်ကြီးမားစွာ ရှိကြောင်း ဆန္ဒပြပွဲကို ဦးဆောင်သူများက ပြောကြားကြသည်။

ဆန္ဒပြပွဲကို လူ၅၀၀၀ ကျော်စုဝေးခဲ့ရာ ဂျပန်နိုင်ငံမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ ဖြစ်သည့် ဟော့ကိုင်းဒိုး ငြိမ်းချမ်းရေး လှုပ်ရှားမှုအဖွဲ့ ဖိုရမ်နှင့်ဟော့ကိုင်းဒိုး ငြိမ်းချမ်းရေးအဖွဲ့တို့လည်း ပါဝင်သည်။

ကိုင်ဆောင်

ဆန္ဒပြသူများသည် "ငြိမ်းချမ်းရေး လမ်းလျှောက်ခြင်း" ဟု အမည်ပေး၍ ညနေ ၃နာရီမှ စတင်ကာ အဓိကလမ်းမကြီး တစ်လျှောက်ချီတက်ကြပြီး "ကမ္ဘာကြီး တစ်ခုလုံးအတွက် ဂျီ-၈မှာ ဆုံးဖြတ်ပိုင်ခွင့် မရှိ" ဟု ကြွေးကြော်ကြကာ ကမ္ဘာ့ ပတ်ဝန်းကျင်ကို ညစ်နွမ်းအောင်လုပ်သော ဂျီ-၈ ဆွေးနွေးပွဲကို ဆန့်ကျင်ကြဟု စာတန်းများလည်း ကိုင်ဆောင်ထားကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နှင့် ထိုင်း စိုက်ပျိုးရေးထုတ်ကုန်ဆိုင်ရာ စာချုပ်များ လက်မှတ်ရေးထိုး

ကွမ်ကျိုး ဇူလိုင် ၅

ထိုင်းဝန်ကြီးချုပ် ဆမတ်စွန်ထော်ရဝဲ့က အမေရိကန် ဒေါ်လာသန်း ၄၀၀ တန်ဖိုးရှိ စာချုပ်များကို တရုတ်နိုင်ငံ ကွမ်တုန်ပြည်နယ်၏ မြို့တော် ကွမ်ကျိုးတွင် ဗုဒ္ဓဟူးနေ့က လက်မှတ်ရေးထိုးကြသည်။

တရုတ်စီးပွားရေး လုပ်ငန်း၌ာနနှစ်ခုက အမေရိကန် ဒေါ်လာသန်း ၂၈၀ တန်ဖိုးရှိ ကြက်ပေါင်စေးနှင့် ဒေါ်လာသန်း ၁၄၀တန်ဖိုးရှိ သစ်သီးများကို ထိုင်းနိုင်ငံမှဝယ်ယူ တင်သွင်းမည့် စာချုပ်ပါဝင်သည်။

ထိုင်းနိုင်ငံက စိုက်ပျိုးရေးထွက်ကုန် ပစ္စည်းများကို တရုတ်နိုင်ငံသို့ တိုးချဲ့တင်ပို့မည်ဖြစ်ပြီး တရုတ်နိုင်ငံ၏ စိုက်ပျိုးရေး ထွက်ကုန်များကိုလည်း ထိုင်းနိုင်ငံကဝယ်ယူတင်သွင်းမည်ဟု ထိုင်းဝန်ကြီးချုပ်က ပြောကြားသည်။

တရုတ်-အာဆီယံ ကုန်သွယ်ရေး သဘောတူညီချက်များက ထိုင်း-တရုတ်စီးပွားရေးနှင့် ကုန်သွယ်ရေး ဆက်ဆံမှုတွင် ကြီးမားသည့် ကဏ္ဍမှ ပါဝင်လျက်ရှိသည်ဟုထိုင်းဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။ ထိုင်းနိုင်ငံမှ သစ်သီးဝယ်ယူတင်သွင်းသည့် တန်ဖိုးသည် နှစ်စဉ် အမေရိကန် ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံဖိုးရှိသည်ဟု အထွေထွေမန်နေဂျာယီကန်ဂျီယန်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကမ္ဘာ့ငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းစဉ်၌ အဓိကအခန်းမှ တောင်ကိုရီးယား ပါဝင်မည်ဟု ဘန်ကီမွန်းမျှော်လင့်

ဆိုးလ် ဇူလိုင် ၅

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည် ကမ္ဘာ့ငြိမ်းချမ်းရေး ထိန်းသိမ်းသည့် လုပ်ငန်းစဉ်တွင် တောင်ကိုရီးယားနိုင်ငံအနေဖြင့် ကြီးမားသော အခန်းကဏ္ဍမှ ပါဝင်မည်ဟု မျှော်လင့်ကြောင်း ကြာသပတေးနေ့က ပြောကြားသည်။ ကုလသမဂ္ဂအကြီးအကဲအဖြစ်အရွေးချယ်မခံရမီကတောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးအဖြစ် ထမ်းဆောင်ခဲ့သူ ဘန်ကီမွန်းသည် တောင်ကိုရီးယားနိုင်ငံသို့ ဇူလိုင် ၅ရက် စောစောပိုင်းက ရောက်ရှိလာသည်။ကုလသမဂ္ဂ၌တာဝန်စတင်ယူခဲ့သည့် အချိန်မှစ၍ မိခင်နိုင်ငံသို့ ပထမဆုံးအကြိမ် ပြန်လည်ရောက်ခြင်းဖြစ်သည်။

ယခုအချိန်အခါသည် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ကိုရီးယားတို့သည် အပြန်အလှန် မှီခိုနေရမည့် အချိန်ဖြစ်ကြောင်း၊ နိုင်ငံတကာ အဖွဲ့အစည်းများကလည်း ကိုရီးယားတို့ထံမှ ထိုအချက်ကို မျှော်လင့်နေကြောင်း ဘန်ကီမွန်းက လက်ဘနွန်သို့ ထွက်ခွာမည့် တောင်ကိုရီးယား တပ်ဖွဲ့များနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ဘင်္ဂလားဒေ့ရှ်၌မြေပြိုမှုဖြစ်ပွား အနည်းဆုံး ၁၀ဦးသေဆုံး

ကောက်ဘဇား (ဘင်္ဂလားဒေ့ရှ်) ဇူလိုင် ၅

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်းတွင် ဇူလိုင် ၃ ရက်က မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် မြေပြိုမှုဖြစ်ပွားရာ အနည်းဆုံးလူ ၁၀ဦး သေဆုံးပြီး အချို့ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူကပြောကြားသည်။

မြေပြိုမှုဖြစ်ပွားသည့် နေရာမှာ ဒါကာမြို့တော်မှ ကီလိုမီတာ ၄၅၀ အကွာရှိ ကောက်ဘဇားခရိုင် တက်ခ်နက်ဖ်ဒေသ၌ ဖြစ်ကြောင်း၊ ဒဏ်ရာရရှိသူများကို ဆေးရုံသို့တင်ပို့ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ နှစ်စဉ်မုတ်သုံရာသီအစပိုင်း၌ မိုးသည်းထန်စွာရွာသွန်းမှုသည် လွန်ခဲ့သောရက်အနည်းငယ်က ဘင်္ဂလားဒေ့ရှ်ဒေသ၏ အလုပ်အကိုင်အများအပြားကို တုံ့ဆိုင်းရပ်တန့်ခဲ့ပြီး မြေနိမ့်ပိုင်းဒေသများတွင် ရုတ်တရက်ရေလွှမ်းမိုးခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။



အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ အရှေ့တောင်ဘက် နယူးခရော့စ်ဒေသ၌ အသတ်ခံရသည့် ပြင်သစ် ကျောင်းသားနှစ်ဦးဖြစ်သော လောရင့်ဘိုနိုမို (ဝဲ)နှင့် ဂါဘရယ်ဖာရက်စ်တို့အား တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပြင်သစ်ကျောင်းသားနှစ်ဦး လန်ဒန်၌ အသတ်ခံရ စိတ္တဇဆန်သော သတ်ဖြတ်မှုဖြစ်ကြောင်းပြောကြား

လန်ဒန် ဇူလိုင် ၅

ပြင်သစ်လူမျိုး ဒီအင်န်အေသုတေသန ကျောင်းသားနှစ်ဦးသည် ခန္ဓာကိုယ်ကိုကြိုးဖြင့်တုပ်နှောင်ကာ အချွန်ဖြင့်ထိုးသွင်းပြီးနောက် မီးရှို့ အသတ်ခံခဲ့ရကြောင်း အဆိုပါ လူသတ်မှုသည်တွေ့မြင်နေကျလူသတ်မှုဖြစ်စဉ်မျိုးမဟုတ်ကြောင်း အကြီးတန်းစုံထောက်တစ်ဦးက ကြာသပတေးနေ့တွင် ရိုက်တာသို့ ပြောကြားသည်။

အသက်၂၃နှစ်အရွယ်ရှိ လောရင့်ဘိုနိုမိုနှင့် ဂါဘရယ်ဖာရက်စ်တို့၏ အလောင်းများကို လန်ဒန်မြို့ အရှေ့တောင်ဘက်ရှိ ၎င်းတို့ငှားရမ်းနေထိုင်သည့် နေအိမ်အတွင်း၌ တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ယင်းအချိန်က နေအိမ်အတွင်း ပေါက်ကွဲသံတစ်ခု ကြားရပြီး အချင်းဖြစ်ပွားရာ နေရာမှ လူတစ်ဦး ထွက်ပြေးသွားသည်ကို မြင်တွေ့ရကြောင်း အိမ်နီးချင်းများက ပြောကြားသည်။ ဇီဝဓာတု ဗေဒကျောင်းသား နှစ်ဦးသည် ဒီအင်န်အေသုတေသနလုပ်ငန်းများကိုလုပ်ဆောင်နေစဉ် အသတ်ခံခဲ့ရခြင်းဖြစ်သည်ဟု မြို့တော်ရဲတပ်ဖွဲ့က ပြောကြားသည်။ ၎င်းတို့ သူငယ်ချင်း နှစ်ဦးသည် နယူးခရော့စ်ရှိ နေအိမ်၌ တနင်္ဂနွေနေ့ နှောင်းပိုင်းတွင်မီးမလောင်ကျွမ်းမီကပင် သေဆုံးနေခဲ့ကြသည်။ ၎င်းတို့ နှစ်ဦး မည်သည့်အကြောင်းကြောင့် ထိုကဲ့သို့ ရက်စက်စွာ သတ်ဖြတ်ခံခဲ့ရသည်ကို မသိရှိရသေးကြောင်း၊ မိမိ၏ လုပ်သက်တစ်လျှောက်တွင် ၎င်းကဲ့သို့ ဒဏ်ရာဒဏ်ချက်များကို မတွေ့မြင်ခဲ့ဖူးကြောင်းနှင့် အဆိုပါ အကြမ်းဖက်မှုသည် စိတ္တဇဆန်သော ရက်စက် ကြမ်းကြုတ်မှုဖြစ်ကြောင်း စုံထောက်အကြီးအကဲ မစ်ခ်ဒူတီက ပြောကြားခဲ့သည်။

တာဝန်ရှိသူများ အနေဖြင့် အသတ်ခံရသည့် အကြောင်းရင်းကို စဉ်းစားမရနိုင်အောင် ဖြစ်နေရသည်။ အဆိုပါ ကျောင်းသားနှစ်ဦးသည် အင်္ဂလန်နိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့ရှိ ရာဇဝတ်သမားများနှင့် သော်လည်းကောင်း၊ ရဲများနှင့်သော်လည်းကောင်း အဆက်အသွယ်ရှိပုံ မရကြောင်း စုံထောက်ဒူတီက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ကြေးမုံ The Mirror

နိုင်ငံတကာ သတင်းများ

ပြန်ပေးဆွဲခံခဲ့ရသော အီရန်နိုင်ငံသား လေးဦး အစ္စရေးနိုင်ငံတွင် အသက်ရှင်လျက်ရှိ

ဘေရွတ် ဇူလိုင် ၅

၁၉၈၂ ခုနှစ်က လက်ဘနွန်၌ ပြန်ပေးဆွဲခံခဲ့ရသော အီရန်နိုင်ငံသား သံတမန်သုံးဦးနှင့်ဓာတ်ပုံသမားတစ်ဦးတို့သည် ယခုထက်တိုင် အစ္စရေးတို့ထံတွင် ထိန်းသိမ်းခံထားရ ဆဲပင်ဖြစ်ကြောင်း လက်ဘနွန်ရှိ အီရန်နိုင်ငံသံရုံးက ကြာသပတေးနေ့တွင် ထုတ်ပြန်သောသတင်းကို ဒေသဆိုင်ရာ ဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

ပြန်ပေးဆွဲခံရခြင်း ၂၆ နှစ်မြောက် သတင်းစာရှင်းလင်းပွဲတွင် ယခင်အစ္စရေးတို့ ထိန်းသိမ်းခံထားရာမှ လွတ်မြောက်ခဲ့သူများ၏ သတင်းပေးချက်များအရ အဆိုပါသတင်းကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ အစ္စရေးတို့ လက်ဘနွန်ကို ကျူးကျော်ဝင်ရောက်ခဲ့သည့် ၁၉၈၂ခုနှစ်တွင် မိမိတို့ညီအစ်ကိုတော်များ ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်ဟုအီရန်ပြည်ထဲရေးဝန်ကြီးဌာနမှ မိုဂျီတာဗာဖာဒေါစီပူအာက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကိုလံဘီယာခွဲထွက်ရေးသမားများထံမှ ဖမ်းမိသော ပေါက်ကွဲစေတတ်သည့် ပစ္စည်းများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက စောင့်ကြပ်နေသည်ကို ဇူလိုင် ၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

✳ ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။

✳ လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း- ၀၆၇ ၄၀၄၀၂၂ နှင့်

ဒုတိယရုံးအဖွဲ့မှူး ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားရေး မော်လမြိုင်ကျွန်းမြို့နယ်အတွင်း ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဇူလိုင် ၆

ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ဒေသနေ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးဦးစီးဌာန အနာကြီးရောဂါတိုက်ဖျက်ရေးစီမံကိန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဇော်ဝင်းဦးဆောင်၍ အခြေခံကျန်းမာရေးဝန်ထမ်းများပါဝင်သောအဖွဲ့သည် မော်လမြိုင်ကျွန်းမြို့နယ်အတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့သည် ဇူလိုင် ၃ရက်တွင် မော်လမြိုင်ကျွန်းမြို့နယ် မြို့မ(၁၁) ရပ်ကွက်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးနှင့် ပိုးလောက်လမ်း နှိမ်နင်းရေးဟောပြောပွဲ ပြုလုပ်ပေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးအကြောင်းပညာပေး၍ လက်တွေ့သရုပ်ပြခြင်း၊ ကျန်းမာရေးပညာပေးလက်ကမ်း စာစောင်များဖြန့်ဝေခြင်း၊ (၆)လမှ ငါးနှစ်အောက် ကလေးငယ်များအား အာဟာရထုပ်များ ဖြန့်ဝေခြင်း၊ ခြင်ပေါက်ပွားမှုမရှိစေရန် ရပ်ကွက်အတွင်း၌ ခြင်ဆေးမှုတ်ခြင်း၊သောက်သုံးရေများ၌ ပိုးလောက်လမ်းရှိ မရှိ စစ်ဆေးခြင်း၊ သောက်သုံးရေများ၌ ကလိုရင်းဆေး ခတ်ပေးခြင်း၊ ကလေးများအား ပိုလီယိုနှင့် ဝက်သက်ကာကွယ်ဆေးများ တိုက်ကျွေးခြင်း၊ ဆံဆို့ကြက်ညှာနှင့် အသည်းရောင်အသားဝါ ကာကွယ်ဆေးထိုးပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ကာကွယ်ဆေး ထိုးပေးခြင်း၊ ရပ်ကွက်အတွင်း ကူးစက်ရောဂါများ ဖြစ်ပွားမှု ရှိ၊ မရှိ ထောက်လှမ်းခြင်း၊ ကျန်းမာရေး အသိပညာပေးခြင်းများကို ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဧရာဝတီတိုင်း ဖျာပုံခရိုင် ဖျာပုံမြို့အတွင်းရှိ အော်တိုတယ်လီဖုန်းစနစ်တွင် လိုင်းများထပ်မံတိုးချဲ့ တပ်ဆင်ပေးနိုင်ရန်အတွက် ဇူလိုင် ၅ရက်က မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဝန်ထမ်းများ လိုင်းတိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နေစဉ်။ (၅၄၀)